မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ညထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၃၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

လူသားစွမ်းရည်ပညာနှင့်လုပ်ရှရရှိသော အကျိုးအမြတ်သည် စဉ်ဆက်မပြတ် သက်တမ်းကြာရှည်သုံးစွဲနိုင်
လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာတတ်များမွေးထုတ်ပေးရာ ပညာရေးကဏ္ဍ မြှင့်မားအောင်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ရောက်ရှိရာ တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေကြသည့် တိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက တက္ကသိုလ် သမိုင်း၊ ဖွဲ့စည်းပုံနှင့် လေ့ကျင့် သင်ကြားပေးမှုများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ နှင့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းဌေးတို့က တက္ကသိုလ်ဆိုင်ရာများကို ရှင်းလင်း တင်ပြကြပြီး ဒုတိယသမ္မတက သိရှိ လိုသည်များကို မေးမြန်းဆွေးနွေး သည်။

စာမျက်နှာ ၄ ကော်လံ ၁ ◆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စစ်ကိုင်းမြို့နယ် ရွှေကြွယ်ပုံကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဒေသခံပြည်သူများအား ရင်းနှီးခင်မင်စွာနှုတ်ဆက်စဉ်။(သတင်းစဉ်)

နိုင်ငံတော်အစိုးရသစ်အနေဖြင့် ခေတ်အဆက်ဆက်က ပြည်တွင်းပဋိပက္ခများကို ငြိမ်းအေးစေပြီး
ထာဝရငြိမ်းချမ်းရေးရရှိရန် စေတနာမှန်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အလားအလာကောင်းများစွာရရှိနေ
ကောလိပ်မှသင်ကြားပေးလိုက်သည့် ဘာသာရပ်များကို ထိရောက်စွာအသုံးချ၊ ဒေသအကျိုး၊ နိုင်ငံတော်အကျိုး ပါဝင်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးမြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)သို့ ရောက်ရှိသည်။

ဒုတိယသမ္မတအား ဘွဲ့နှင်းသဘင်ခန်းမရှိ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး ဦးအောင်သန်းမြင့်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးတို့က ရှင်းလင်းတင်ပြ သည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက သိရှိလိုသည်များ ကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ပင်မစာသင်ဆောင်ရှိ ကွန်ပျူတာ လက်တွေ့ခန်း၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်း၊ စာသင်ခန်းများ၊ လက်တွေ့ ခန်းများ နှင့် Computer Numerical Control Machine Room၊ အင်ဂျင်နီယာအလုပ်ရုံတွင် လက်တွေ့ *စာမျက်နှာ ၃ ကော်လံ ၁* ■

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး) အင်ဂျင်နီယာအလုပ်ရုံတွင် လက်တွေ့ဆောင်ရွက်ပြသထားမှုများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်)

အများစိတ်ဝင်စားနေကြသည့် အကယ်ဒမီပွဲ

ရုပ်ရှင်ချစ်ပြည်သူများ မျှော်လင့်စောင့်စားနေသည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ပေးပွဲကြီးကို ယနေ့ညနေပိုင်းတွင် နေပြည်တော်၌ ခြိမ့်ခြိမ့်သဲသဲ၊ စည်စည်ကားကား ကျင်းပတော့မည်ဖြစ်သည်။ အကယ်ဒမီဆုဟူသည် ရုပ်ရှင်လောကသားများ၏ အလိုချင်ဆုံးသောအရာဖြစ်သကဲ့သို့ အကယ်ဒမီပွဲသည် ရုပ်ရှင်ချစ်ပရိသတ်များအတွက် ရင်ခုန်ကြည်နူးမှုများဖြင့် စိတ်ဝင်စားကြရသည့်ပွဲ ဖြစ်သည်။

ထိုအကယ်ဒမီဆုပေးပွဲကို ကိုယ်တိုင်တက်ရောက် ကြည့်ရှုအားပေးကြသူများရှိသလို ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မှုကို စိတ်ဝင်တစားစောင့်ကြည့်ကြမည့် ရုပ်ရှင်ဝါသနာအိုးများလည်း ရှိပေမည်။ ယခုနှစ်မည်သူတွေရကြမလဲဟု ကိုယ့်အထင် ကိုယ့်အတွေးဖြင့် စိတ်ကူးယဉ်နေကြသူများရှိပေလိမ့်မည်။ ရုပ်ရှင်ပညာရှင်များကလည်း မိမိတို့ ကြိုးပမ်းမှုအတွက် စိတ်ကူးယဉ် မျှော်လင့်နေကြမှာဖြစ်သလို ပရိသတ်များကလည်း မှန်းချက်နှင့်နှမ်းထွက် ကိုက်မကိုက် စောင့်မျှော်နေကြမည်ဖြစ်သည်။

ဤအကယ်ဒမီဆုများကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက မြန်မာ့ရုပ်ရှင်လောကအဆင့်အတန်း မြင့်မားတိုးတက်စေရန်ရည်ရွယ်ပြီး တစ်နှစ်တာအတွင်း ထုတ်လုပ်ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကားများအနက် အကောင်းဆုံးဇာတ်ကားများကို စိစစ်၍ အကယ်ဒမီဆုများပေးအပ်လျက်ရှိ၏။ အထူးသဖြင့် ရုပ်ရှင်ဇာတ်ကားတစ်ကားတွင် သရုပ်ဆောင်ပိုင်း၊ အနုပညာပိုင်း၊ အတတ်ပညာနှင့်အသိပညာပိုင်းတို့တွင် ထူးချွန်ပြောင်မြောက်စွာ လုပ်ကိုင်ဆောင်ရွက်မှုများအပေါ် သုံးသပ်စိစစ်ပြီး အကယ်ဒမီဆုများချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ၁၉၅၂ ခုနှစ်မှစပြီး ချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ၁၉၈၈ ခုနှစ်မတိုင်မီက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ခုနစ်ဆုသာချီးမြှင့်ခဲ့သည်။ ပြီးခဲ့သည့်တပ်မတော်အစိုးရလက်ထက်တွင် အကယ်ဒမီဆုကို မူလဆု ခုနစ်မျိုးချီးမြှင့်ရာမှ အမျိုးအစား ၁၁ မျိုးအထိ တိုးမြှင့်သတ်မှတ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယင်းဆုများမှာ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု၊ အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆု၊ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု၊ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု၊ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု၊ အကောင်းဆုံးရုပ်ရှင်တေးဂီတဆု၊ အကောင်းဆုံးရုပ်ရှင် ဇာတ်ပုံဆု၊ အကောင်းဆုံးရုပ်ရှင်အသံဆု၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆုနှင့် အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုတို့ဖြစ်ကြသည်။

ယခုနှစ်အကယ်ဒမီဆုပေးပွဲသည် ယခင်နှစ်များနှင့်မတူဘဲ အိုင်တီနည်းပညာများပေါင်းစပ်ပြီး ထူးခြားဆန်းသစ်သည့် ပြကွက်များဖြင့် စီစဉ်တင်ဆက်မည်ဖြစ်သည်။ ယင်းဆုပေးပွဲတွင် ၂၀၁၀ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကား ၁၅ ကားအနက်မှ အကောင်းဆုံး အနုပညာစွမ်းဆောင်ချက်များအပေါ် စိစစ်ပြီး အကယ်ဒမီဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားများအနက်မှ အကယ်ဒမီဆုများအတွက် ပရိသတ်အများစု မျှော်မှန်းထားသည့် ရုပ်ရှင်ဇာတ်ကားများမှာ ''အမေ့ကျေးဇူးဆပ်ဖူးချင်တယ်''၊ ''အငိုမျက်လုံး အပြုံးမျက်နှာ''၊ ''အာဒံရယ် ဧဝရယ် ဒဿရယ်''၊ ''ပင်လယ်ထက်ကနေဝန်းနီ'' စသည်တို့ဖြစ်ကြသည်။

မည်သို့ပင်ရှိစေကာမူ ယနေ့ညချမ်းမှာဖြင့် ရုပ်ရှင်ချစ်ပြည်သူများနှင့် ရုပ်ရှင်လောကအနုပညာရှင်အပေါင်းတို့ စိတ်ဝင်တစားဖြင့် ရင်ခုန်စွာ စောင့်မျှော်ခဲ့ကြရသည့် အကယ်ဒမီဆုပေးပွဲကြီး ကျင်းပတော့မည်ဖြစ်ရာ မျှော်လင့်ထားသည့်အတိုင်း ဆန္ဒများပြည့်ဝကြပါစေဟု ဆန္ဒပြု ရေးသားလိုက်ရပါသည်။ ။

ဒီပဲယင်းမြို့နယ် အလယ်တန်းကျောင်း(ခွဲ)၏ သပြေကျောင်းဆောင်သစ်ဖွင့် ပွဲကျင်းပ

ဒီပဲယင်း ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် သစ်ရာအိုက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၏ သပြေကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇင်မင်းထင်၊ မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီး ဦးသန်းထိုက်က သပြေကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးက ကျောင်းဆောင်သစ်အတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ကျောင်းအကျိုးတော်ဆောင် ဦးဘိုလင်းက ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ပညာရေးမှူး ဦးဝင်းမြင့်ထံပေးအပ်ခဲ့ကြောင်းသိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အခွန်အရပ်ရပ်ဆိုင်ရာ ပခုက္ကူ၌ဆွေးနွေး

ပခုက္ကူ ဖေဖော်ဝါရီ ၆

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အခွန်အရပ်ရပ် လျာထားချက် ပြည့်မီကျော်လွန်ရေးအတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အခွန်ရုံးများ စနစ်တကျရှိရေး၊ ရုံးလုံခြုံရေး၊ မီးဘေးလုံခြုံရေးများအတွက် ပြည်တွင်းအခွန်များဦးစီးဌာန (နေပြည်တော်)မှ ဝင်ငွေခွန်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် ကုန်သွယ်ခွန် ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေယျတို့သည် ဖေဖော်ဝါရီ ၄ ရက်က ပခုက္ကူခရိုင်အခွန်ဦးစီးဌာန ရုံးခန်းမတွင် ခရိုင်အတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးများအား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(၁၀၂)**

မိုးမောက်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးဟောပြော

မိုးမောက် ဖေဖော်ဝါရီ ၆

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အသိပညာပေး ဟောပြောပွဲကို ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ဦးဆောင်၍ ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီတွင် ခါနန်ရပ်ကွက်တွင်လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် အလင်းကောင် ရပ်ကွက်တွင်လည်းကောင်း၊ ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီတွင် မံပုံကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင်လည်းကောင်း ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကဏ္ဍရပ်များနှင့် စပ်လျဉ်း၍ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက အသိပညာပေးဟောပြောကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ရပ်ကွက်/ကျေးရွာများတွင် အသေးစားကုန်ထုတ်လုပ်မှုနှင့် ငွေစုငွေချေးအစုအဖွဲ့ ဖွဲ့စည်းရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကုန်သည်/စက်မှု အသင်းချုပ်၌ သင်တန်းဖွင့်ပွဲနှင့်ဆင်းပွဲများ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်း ကော်မတီမှ ကြီးမှူးဖွင့်လှစ်သော Certificate Course for Office Management အပတ်စဉ်(၈)၊ Certificate Course for Practical Approach to International Trade အပတ်စဉ်(၆)၊ Certificate Course for Systematic Distribution and Management အပတ်စဉ်(၄)၊ Higher Certificate Course for Sale and Marketing အပတ်စဉ်(၂)၊ Certificate Course for Business English အပတ်စဉ်(၆)၊ Certificate Course for Human Resource Management အပတ်စဉ်(၂)၊ Certificate Course for Financial Management အပတ်စဉ်(၂) သင်တန်းသစ်များဖွင့်လှစ်ခြင်းနှင့် Certificate Course for Office Management အပတ်စဉ်(၇)၊ Certificate Course for Practical Approach to International Trade အပတ်စဉ်(၅)၊ Certificate Course for Systematic Distribution and Management အပတ်စဉ်(၃)၊ Certificate Course for Sale and marketing အပတ်စဉ်(၃)၊ Certificate Course for Business English အပတ်စဉ်(၅)၊ Certificate Course for Human Resource Management အပတ်စဉ်(၁)၊ Certificate Course for Financial Management အပတ်စဉ်(၁) သင်တန်းများဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၂ နာရီက ကုန်သည်/စက်မှုအသင်းချုပ် ပထမထပ်ရှိ ခန်းမကြီး၌ စုပေါင်းကျင်းပသည်။ အခမ်းအနားတွင် ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်က အမှာစကားပြောကြားပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က သင်တန်းများဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ သင်တန်းဆရာ ဆရာမများနှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

ပြည်မြို့ ရွှေဆံတော်စေတီတော် နှစ်(၂၆၀၀)ပြည့် အထိမ်းအမှတ်ပွဲကျင်းပမည်

ပြည် ဖေဖော်ဝါရီ ၆

ပြည်မြို့လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီးကို သုဒဿနတောင်တော်ထိပ်၌ ဗုဒ္ဓမြတ်စွာပေးသနားတော်မူသောဆံတော်၊ မွေရှင်တော်များကို ဌာပနာ၍ မြတ်စွာဘုရား ပွင့်သောနှစ် မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ တပေါင်းလဆန်း (၁၃)ရက်နေ့တွင် တည်ထား၍ ထိုနှစ် တပေါင်းလပြည့်နေ့တွင် ပြီးမြောက်ခဲ့သည်။ ယခုအခါ နှစ်(၂၆၀၀)ပြည့်ရှိခဲ့ပြီဖြစ်ရာ နောင်လာနောက်သားများ အမှတ်တရရှိစေရန်အတွက် အထိမ်းအမှတ်ပွဲကို မတ်လ ၅ရက်မှ ၇ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

အထိမ်းအမှတ်ပွဲများတွင် သံဃာတော်၁၀၈ပါးတို့အား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ စေတီတော်မြတ်ကြီးအားအနေကဇာတင်ခြင်း၊ ဆွမ်းတော်ကြီးကပ်လှူခြင်း၊ ဆီမီး ၉၉၀၀ ပူဇော်ခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်းများအပြင် အခြားပွဲလမ်းသဘင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

နှမ်းမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ တပ်ကုန်း၌ကျင်းပ

တပ်ကုန်း ဖေဖော်ဝါရီ ၆

ယခုအခါ တပို့တွဲလ ထမနဲရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ အမြို့မြို့အနယ်နယ်တွင် ထမနဲထိုးပြိုင်ပွဲများ ကျင်းပလျက်ရှိကြသည်။ အလားတူ နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရေအေးကျေးရွာအုပ်စု ရေအေးကျေးရွာ အောင်ဇေယျ ကုန်းတော်တွင်လည်း မြန်မာ့ရိုးရာ နှမ်းမနဲထိုးပြိုင်ပွဲ **(အောက်ပုံ)** နှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီက ကျင်းပရာ ပြိုင်ပွဲဝင် အဖွဲ့ ၁၂ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အသီးသီးချီးမြှင့်

အဆိုပါပြိုင်ပွဲတွင် ပထမဆုရရှိသော ရွှေနဝင်းအဖွဲ့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူက ဆုငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ရွှေရေအေးအဖွဲ့အား မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးချစ်ဆွေဦးက ဆုငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ တတိယဆုရရှိသော ရွှေဗဟိုလ်အဖွဲ့အား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ရွှေက ဆုငွေကျပ်နှစ်သိန်းကိုလည်းကောင်း အသီးသီးချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(၄၁၇)**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပေးဆွေးနွေး

ပုသိမ် ဖေဖော်ဝါရီ ၆

ဧရာဝတီတိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပေးဆွေးနွေးပွဲကို ပုသိမ်မြို့ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးစန်းမောင်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကိစ္စရပ်များကို အသိပေးရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဝင်းက တိုင်းဒေသကြီးအတွင်း ကလေးသူငယ်ကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

အဆိုပါအသိပေးဆွေးနွေးပွဲသို့ တိုင်းဒေသကြီးအဆင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များနှင့် World Vision (မြန်မာ)မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြကြောင်း သိရှိရသည်။ **(လူမှုဝန်ထမ်း)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။ (မီးသတ်ဦးစီးဌာန)

■ *ရှေ့ဖုံးမှ*

ဆောင်ရွက်ပြသထားမှုများကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသားများအား ရင်းနှီးခင်မင်စွာ နှုတ်ဆက်အားပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆရာ၊ ဆရာမများ၊ ကျောင်းသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ဒုတိယသမ္မတက မိမိတို့နိုင်ငံရှိ တိုင်းရင်းသားများအားလုံးသည် လွန်ခဲ့သောနှစ်ပေါင်းရာထောင်ချီ၍ ဥမကွဲ သိုက်မပျက် အေးအတူ ပူအမျှ နေထိုင်ခဲ့ပြီး ကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်တော်လှန်ရေးများတွင်လည်း အတူလက်တွဲ တွန်းလှန်ခဲ့ကြသူများ ဖြစ်ကြောင်း။

ယခုအချိန်တွင် မိမိတို့ဘိုးဘွားများမျှော်မှန်းခဲ့သည့် လွတ်လပ်ရေးရရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖြေရှင်း၍ မရနိုင်သည့် နိုင်ငံရေးအခြေအနေများကြောင့် နယ်စပ်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ နယ်စပ်ဒေသရှိ ပြည်သူများမှာလည်း ဒေသတည်ငြိမ်အေးချမ်းမှုမရှိခြင်း၊ ၎င်းတို့၏ နိစ္စဓူဝစားဝတ်နေရေးအတွက် ငြိမ်းချမ်းစွာ လုပ်ကိုင်စားသောက်နိုင်မှုမရှိခြင်းတို့ကြောင့် အိမ်နီးချင်းနိုင်ငံများသို့ အများအပြား ခေတ္တရွှေ့ပြောင်း နေထိုင်လုပ်ကိုင်နေရကြောင်း။

ယနေ့ ဦးစားပေးဆောင်ရွက်နေသည့် လုပ်ငန်းစဉ်တစ်ရပ်မှာ နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများပင်ဖြစ်သည်ဟု နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအချိန်တွင် နိုင်ငံတော်အစိုးရသစ်အနေဖြင့် ခေတ်အဆက်ဆက်က ပြည်တွင်း ပဋိပက္ခများကို ငြိမ်းအေးစေပြီး ထာဝရငြိမ်းချမ်းရေးရရှိရန် စေတနာမှန်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အလားအလာကောင်းများစွာ ရရှိနေပြီဖြစ်ကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလုပ်ငန်းများအတွက် ရည်ရွယ်ချက်ကောင်းများစွာဖြင့် တည်ထောင်ထားသည့် ဤပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများသည် ထာဝရငြိမ်းချမ်းရေးလုပ်ငန်းများအတွက် များစွာအထောက်အကူ ပြုစေမှာဖြစ်ကြောင်း။

ဤကောလိပ်မှသင်ကြားပေးလိုက်သည့် ဝိဇ္ဇာ၊သိပ္ပံအင်ဂျင်နီယာဘာသာရပ်များကို ထိရောက်စွာအသုံးချခြင်းဖြင့် မိမိဒေသ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို စွမ်းအားရှိသမျှပါဝင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကောလိပ်အတွက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အားကစားပစ္စည်းများ၊လုပ်ငန်းရှင်များက ငွေကျပ်သိန်း၁၀၀၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်က Sky Net ရုပ်သံဖမ်းစက် နှစ်စုံနှင့် နယူးစတားလိုက်ကုမ္ပဏီမှ ဦးကျော်ကျော်ဝင်းက ဗလာစာအုပ်ဒါဇင် ၁၂၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် "လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးပေါ်ထွန်းလာစေရန်"နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည့် အဆင့်မြင့်ပညာတတ်ကျွမ်းသော အသိပညာရှင်များ မွေးထုတ်ပေးနိုင်စေရန်ရည်ရွယ်ချက်ဖြင့် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။ မန္တလေးမြို့ရှိ ဒီဂရီကောလိပ်ကို ၁၂-၇-၂၀၀၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများနှင့် ပရဟိတကျောင်းများမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအား ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စနစ်တကျရွေးချယ်၍ ဝိဇ္ဇာ၊ သိပ္ပံနှင့် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ သင်တန်းများ သင်ကြားပို့ချပေးလျက်ရှိသည်။ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အထိ အင်ဂျင်နီယာဒီပလိုမာ ၂၅၈ ဦး၊ ဝိဇ္ဇာဘွဲ့ ၂၂၈ ဦးနှင့် သိပ္ပံဘွဲ့ ၄၀၂ ဦးတို့ကို မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မန်းမြို့ဈေး၌ လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မန္တလေးမြို့ရှိ စွယ်တော်မြတ်စေတီတော်သို့ရောက်ရှိပြီး ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုကာ အလှူငွေများ လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က စေတီတော် ဝတ္တကမြေအတွင်း ရတနာဆင်ဖြူတော်ထားရှိရန်အတွက် ရတနာဆင်ဖြူတော်ဥယျာဉ် (မန္တလေး) တည်ဆောက်ရေး စီစဉ်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ရတနာဆင်ဖြူတော်ဥယျာဉ် (မန္တလေး) တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ် အားကစားကွင်းနှင့် မန်းမြို့ဈေးတို့တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အများသုံးသန့်စင်ခန်းများ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့တော်တွင် အများသုံးသန့်စင်ခန်းများကို လူစည်ကားရာအရပ်တွင် ပိုမိုဆောက်လုပ်ပေးသွားရန်နှင့် များနိုင်သမျှ လောက်ငစွာ ဆောက်လုပ်ပေးသွားရန်၊ အဆောက်အအုံကိုလည်း လှပသည့်ပုံစံမျိုးဖြင့် ဆောက်လုပ်ရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီးတို့သည် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကို သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရွှေသင်္ကန်းကပ်လှူသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရုံးအဆောက်အအုံများ ဖွဲ့စည်းနေရာချထားမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် တိုင်းဒေသကြီးဝန်ကြီးချုပ်နေအိမ်နှင့် ရုံးဌာနများကို လှည့်လည်ကြည့်ရှုသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပထမအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ဇမ္ဗူသီရိမြို့နယ်၌ ကျင်းပ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် တက်ရောက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၆

နေပြည်တော်ကောင်စီက ကြီးမှူးကျင်းပသော ပထမအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေ ၅ နာရီတွင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ အောင်ရတနာ ဘုန်းကြီးကျောင်း အရှေ့ဘက်ရှိ သတ်မှတ်နေရာ

နေပြည်တော်ကောင်စီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့်အဖွဲ့ဝင်များပထမအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ ပြိုင်ပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ အမှတ်ပေးဒိုင်အဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာများမှ ပြိုင်ပွဲဝင်အသင်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ပြိုင်ပွဲကို ညနေ ၅ နာရီတွင်ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများသည် သတ်မှတ်နေရာအသီးသီး၌ ယှဉ်ပြိုင်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုအချိန်တွင် ပြိုင်ပွဲကျင်းပရာ ကွင်းအတွင်း၌ ရပ်ကွက်၊ကျေးရွာများမှ ဒေသခံပြည်သူများ၊ ပြိုင်ပွဲဝင် အသင်းများမှ အသင်းဝင်များက အိုးစည်ဒိုးပတ် အကအခုန်များဖြင့် တပျော်တပါး အပြိုင်အဆိုင် အားပေးကြသည်။

ပြိုင်ပွဲဝင် အသင်းများကလည်း သတ်မှတ်ထားသည့် ပြိုင်ပွဲချိန်အတွင်း သူတင်ကိုယ်တင် ကိုယ်နိုင်သူနိုင်အပြိုင် ထမနဲထိုးယှဉ်ပြိုင်ကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ထမနဲထိုးထားသည့် ထမနဲများကို အကဲဖြတ်အမှတ်ပေးဒိုင်များက စစ်ဆေးကြည့်ရှုပြီး အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အထူးဆုရရှိကြသည့် ပြန်ကပြေးရွာ(က)အသင်း၊ ပြန်ကပြေးရွာ(ခ)အသင်း၊ ပြန်ကပြေးလေးရွာနှင့် ညောင်ပင်ဝိုင်းရွာတို့ကို ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်ကလည်းကောင်း၊ လက်ပံခါးလှရွာ၊ အောင်ချမ်းသာရွာနှင့် ကြံဖိုစုရွာတို့ကို ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ကလည်းကောင်း၊ အလျင်လိုရွာ၊ တဲကြီးကုန်းရွာ၊ ရှားတောရွာနှင့် သပြေကုန်းရပ်ကွက်(က) အသင်းတို့ကို နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်ကလည်းကောင်း၊ သပြေကုန်းရပ်ကွက်(ခ)အသင်း၊ ရွှေကြာပင်ရပ်ကွက်(ခ)အသင်း၊ ရွှေကြာပင်ရပ်ကွက် (ဂ)အသင်းတို့ကို ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ဦးကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ထွတ်က တတိယဆုရ ဇမ္ဗူသီရိမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအသင်းကို လည်းကောင်း၊ ပြည်သူ့လွှတ်တော်နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဌေးဦးက ဒုတိယဆုရ ဂုဏ်မင်းကျေးရွာ အသင်းကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ပထမဆုရ ရွှေကြာပင်ရပ်ကွက် (က)အသင်းကို ဆုပေးအပ်ချီးမြှင့်ပြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မဟာအောင်ဗောဓိအနန္တသိဒ္ဓိရှင်ဗုဒ္ဓသာသနာပြုထီးတော်တင်အဖွဲ့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့် ဇမ္ဗူသီရိမြို့နယ် ပထမအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အသင်း ၁၇ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ကျန်ခုနစ်မြို့နယ်ဖြစ်သည့် ပုဗ္ဗသီရိ၊ ဇေယျာသီရိ၊ ဒက္ခိဏသီရိ၊ ဥတ္တရသီရိ၊ တပ်ကုန်း၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်တို့တွင်လည်း ညနေပိုင်း၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများကို အသီးသီးကျင်းပကြရာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တွင် စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၉၃ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ထမနဲထိုးပြိုင်

နေပြည်တော်ကောင်စီက ကြီးမှူး ကျင်းပသော ပထမအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

◆ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယသမ္မတသည် ပင်လုံခန်းမရှိ တက္ကသိုလ်နှစ် (၄၀) ပြည့် အထိမ်းအမှတ်ပြခန်း၊ တက္ကသိုလ်ပြတိုက်နှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဘွဲ့နှင်းသဘင်ခန်းမ၌ တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ (၁၀၀) ကျော်သည် လွန်ခဲ့သောနှစ်ပေါင်း ရာထောင်ချီပြီး တောင်ပေါ်မြေပြန့်မခွဲခြားဘဲ အေးအတူ ပူအမျှ အတူတကွ နေထိုင်လာခဲ့ကြကြောင်း၊ သို့ရာတွင် လွတ်လပ်ရေးရပြီးနောက်ပိုင်း အကြောင်းအမျိုးမျိုးဖြင့် နိုင်ငံရေးအရ ငြင်းကြခုံကြပြီး နောက်ဆုံးစစ်ရေးပဋိပက္ခများအထိဖြစ်လာခဲ့ရာ ရာစုနှစ်ထက်ဝက်ကျော် ကြာလာခဲ့ကြောင်း။

စစ်ရေးပဋိပက္ခမှာ ပြည်မမှာထက် ပြည်နယ် နယ်စပ်ဒေသများတွင် ပိုမိုအရှိန်အဟုန်ပြင်းထန်ပြီး ပိုမိုကြာရှည်လာသည်နှင့်အမျှ တိုင်းရင်းသား ပြည်သူများမှာ အစားဆင်းရဲခြင်း၊ အနေဆင်းရဲခြင်း၊ ရောဂါထူပြောခြင်း စသည်ဖြင့် ဒုဗ္ဘိက္ခန္တရကပ်၊ သတ္တန္တရကပ်၊ ရောဂန္တရကပ်စသော ကပ်သုံးပါးလုံးနှင့် ရင်ဆိုင်ကြရကြောင်း။

နယ်စပ်ဒေသပဋိပက္ခဆိုးကျိုးများကို ပြည်မမြေပြန့်ဒေသမှ ပြည်သူများလည်း သွယ်ဝိုက်သောနည်းဖြင့် ခံစားခဲ့ကြရပါကြောင်း၊ ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် လွတ်လပ်ရေးရပြီးသည့်အခါ တိုင်းပြည်၏ ဖွံ့ဖြိုးရေး၊ တိုးတက်ရေးအတွက် အားလုံးလက်တွဲပြီး အားကြိုးမာန်တက် နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်ရမည့်အစား တိုင်းရင်းသားညီအစ်ကိုအချင်းချင်း တိုက်ကြခိုက်ကြသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံဘဏ္ဍာတော်ငွေ အရင်းအနှီးများကို နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုမပြုနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် စီးပွားရေး ဖွံ့ဖြိုးနောက်ကျမှုနှင့်အတူ အခြေခံအဆောက်အအုံများ ယိုယွင်းနောက်ကျပြီး အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နောက်ကျကျန်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲများက အမြော်အမြင်ကြီးမားစွာဖြင့် ရေရှည်မျှော်မှန်းပြီး မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ဆောက်ရေးတို့အတွက် အထူးလိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးများတွင် နယ်စပ်ဒေသမှ တိုင်းရင်းသားများ၏ မျိုးဆက်သစ်များလည်း ပါဝင်ဆောင်ရွက်လာနိုင်အောင် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်ပြီး တိုင်းရင်းသားလူငယ်များအား လေ့ကျင့်သင်ကြားပေးနေခြင်း ဖြစ်ပါကြောင်း။

တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို တစ်ဦးက နားလည်သဘောပေါက်ပြီး တန်းတူရည်တူ ချစ်ကြည်ရင်းနှီးကြခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ဒို့တာဝန်အရေး (၃)ပါးကို သိရှိနားလည် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန်အပြင် မိမိဒေသကို ပြန်ရောက်သည့်အခါ ဒေသအကျိုး၊ တိုင်းပြည်အကျိုးသယ်ပိုးထမ်းရွက်နိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်နံတစ်လျားတွင် နေထိုင်ကြသည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များအား ယခုကဲ့သို့ သင်ကြားလေ့ကျင့်ပေးနေခြင်း ဖြစ်ပါကြောင်း။

နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသတက္ကသိုလ်၊ ကောလိပ်များတွင် (၁၉၆၄)ခုနှစ်မှစပြီး (၂၀၁၁)ခုနှစ်အထိ သင်တန်းအလိုက်ဘွဲ့ရနှင့် သင်တန်းဆင်းဦးရေမှာ ၁၂,၁၀၄ ဦးရှိခဲ့ပြီဖြစ်ပါကြောင်း၊ သင်တန်းဆင်း တိုင်းရင်းသားလူငယ်များ သင်တန်းတက်ရောက်ကာလ အတောအတွင်း စားဝတ်နေရေး၊ သင်ကြားရေး အစစအရာရာကို နိုင်ငံတော်က ကျခံသုံးစွဲ လေ့ကျင့်သင်ကြားပေးနေသည့်အတွက် နိုင်ငံတော်၏ ကျေးဇူးတရားသည် လွန်စွာမှကြီးမားလှသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် သင်တန်းဆင်းများ၊ သင်တန်းတက်နေကြသည့် တိုင်းရင်းသားလူငယ်များအားလုံးတို့သည် နိုင်ငံတော်၏ ပြုစုပျိုးထောင်မှု ကျေးဇူးတရားကို ရှေးရှုလျက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် သစ္စာရှိရှိ ကတိတည်တည်ဖြင့် နိုင်ငံအကျိုး၊ ဒေသအကျိုးအတွက် ရောက်ရာအရပ်မှ စွမ်းစွမ်းတမံ ဆောင်ရွက်ပေးသွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဖွံ့ဖြိုးရေးတက္ကသိုလ်အတွက် အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အားကစားပစ္စည်းများ၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်က Sky Net ရုပ်သံဖမ်းစက်(၄)စုံ၊ IGE ကုမ္ပဏီဥက္ကဋ္ဌ ဦးနေအောင်၊ နယူးစတားလိုက် ကုမ္ပဏီမှ ဦးကျော်ကျော်ဝင်း၊ ရွှေတောင်ကုမ္ပဏီမှ ဦးအောင်ဇော်နိုင်၊ ရွှေသံလွင်ကုမ္ပဏီမှ ဦးအောင်မင်းသိန်း၊ အေးရှားဝေါလ် ကုမ္ပဏီမှ ဦးမြတ်ချိုဝင်း၊ သော်တာဝင်းကုမ္ပဏီမှ ဦးနေဝင်းကျော်နှင့် အေးအေးခိုင်ကုမ္ပဏီမှ ဦးစိုးနိုင်တို့က ငွေကျပ်သိန်း ၁၀၀ နှင့် သော်တာဝင်းကုမ္ပဏီလီမိတက်မှ ဦးနေဝင်းကျော်က ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတသည် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးတို့ စစ်ကိုင်းမြို့ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အား ဒို့တာဝန်အရေး(၃)ပါးကို ထိန်းသိမ်းလိုက်နာစောင့်ရှောက်မည့် ပညာရေးဝန်ထမ်း၊ ဒေသဖွံ့ဖြိုးရေး ခေါင်းဆောင်ငယ်များအား လေ့ကျင့်ပျိုးထောင်ပေးရန် ရည်ရွယ်၍ ၁၉၆၄ ခုနှစ် အောက်တိုဘာ ၂၀ရက်တွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စစ်ကိုင်းမြို့၌ စတင်ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် လက်ရှိတည်နေရာ ရွာသစ်ကြီးသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ၁၉၉၁ ခုနှစ် မေ ၁၀ ရက်တွင် နိုင်ငံတော်က တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးခဲ့သည်။

တက္ကသိုလ်တွင် မဟာပညာရေးဘွဲ့ သင်တန်း၊ ပညာရေးဘွဲ့တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ပေါင်းကူးနှစ်နှစ် သင်တန်း၊ ပညာရေးဘွဲ့လေးနှစ်သင်တန်းနှင့် အလယ်တန်းဆရာအတတ်သင်တန်းတို့ကို ဖွင့်လှစ်ပေးလျက်ရှိပြီး စတင်ဖွင့်လှစ်ချိန်မှ ၂၀၁၁ ခုနှစ် မတ်လအထိ မဟာဘွဲ့၊ ပညာရေးဘွဲ့၊ ဆရာအတတ်ပညာဒီပလိုမာနှင့် သင်တန်းဆင်းဦးရေ စုစုပေါင်း ၁၂,၁၀၄ ဦး ရှိပြီဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့နယ် ရွှေကြွယ်ပုံကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးကြပြီး ရွှေကြွယ်ပုံကျေးရွာနှင့် ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ရင်းနှီးခင်မင်စွာ နှုတ်ဆက်သည်။

ဆက်လက်၍ ကျောင်းရှိ Computer & Audio Visual Room၊ Language Lab နှင့် Laboratory တို့ကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါကျေးရွာသို့ ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အားကစားပစ္စည်းများ၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်က Sky Net ရုပ်သံဖမ်းစက်နှစ်စုံ၊ အလှူရှင်များက ငွေကျပ်သိန်း ၅၀ နှင့် ငွေကျပ်သိန်း ၃၀တန်ဖိုးရှိ ကွန်ပျူတာ ၁၀ လုံးတို့ကို လှူဒါန်းခဲ့ကြသည်။

ထိုမှတစ်ဆင့် စစ်ကိုင်းမြို့ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီတော်သို့ ရောက်ရှိ ဖူးမြော်ကြည်ညိုကြပြီး ဒုတိယသမ္မတနှင့်ဇနီးတို့က စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အစိုးရနည်းပညာကောလိပ်(စစ်ကိုင်း)၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းနှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့သို့ ရောက်ရှိပြီး ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ သမဝါယမကောလိပ် (စစ်ကိုင်း)၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် စစ်ကိုင်းပညာရေးကောလိပ်တို့သို့ ရောက်ရှိပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လိုအပ်ချက်နှင့် အခက်အခဲများကို မေးမြန်း၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးခုတင် (၂၀၀)ဆံ့ သံကူကွန်ကရစ်နှစ်ထပ်တိုးချဲ့ လူနာဆောင်နှင့် ခွဲစိတ်ဆောင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါဆေးရုံကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၉၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ဒုတိယသမ္မတသည် ညနေပိုင်းတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖ နှစ်ဦးတို့က လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ဒေသအခြေအနေနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝမြင့်မားရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်တို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးကြပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နိုင်ငံတော်အစိုးရကိုယ်စား ရောက်ရှိလာခြင်းမှာ စစ်ကိုင်းတိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများကို ကြည့်ရှုလေ့လာနိုင်ရန်နှင့် လိုအပ်ချက်များကို မျှဝေပံ့ပိုးပေးနိုင်ရန်ဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး၏ ယခင်မြို့တော်ဖြစ်ခဲ့ဖူးသည့် စစ်ကိုင်းမြို့သည် တည်နေရာ ပထဝီအနေအထားအရရော၊ လယ်ယာထွက်ကုန်ပစ္စည်းများ တစ်နိုင်ငံလုံးဖြန့်ပို့နိုင်မှုနှင့် သမိုင်းဝင်စစ်ကိုင်းတောင်ရိုး စေတီပုထိုးများနှင့်အတူ ခေတ်အဆက်ဆက်ကတည်းက နာမည်ကျော်ကြားလှသိများသည့် ဒေသကြီးတစ်ခုဖြစ်ပါကြောင်း။

အခြားသောဒေသများတွင် ဧရာဝတီမြစ်ကူးတံတားတစ်စင်း ဆောက်နိုင်ရန် အစွမ်းကုန်ကြိုးစားနေရသည့် အချိန်တွင် စစ်ကိုင်းမြို့တွင် ဧရာဝတီမြစ်ကူးတံတားကြီး နှစ်စင်းရှိနေခြင်းသည် ထူးခြားချက်ဟု ဆိုရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေချိန်တွင် လူသားအရင်းအမြစ်ဖြစ်သည့် ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

လူသားအရင်းအမြစ်များ မွေးထုတ်ရာဌာနကြီးဖြစ်သည့် အမျိုးသားပညာရေးကော်မတီလက်အောက် လုပ်ငန်းများ အောင်မြင်အောင်၊ အထူးအာရုံစိုက်ပြီး ကောင်းသည်ထက်ကောင်းအောင် နည်းလမ်းပေါင်းစုံ ရှာကြံဆောင်ရွက်ပေးနေကြောင်း။

စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့၏ လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြည့်မည်ဆိုလျှင် လူဦးရေစုစုပေါင်း ၂၇၀၀၀၀ ကျော်ရှိပြီး အခြေခံပညာရေးအနေဖြင့် ထက်၊ လယ်၊ မူ ကျောင်းမျိုးစုံ စုစုပေါင်း ၂၀၀ ကျော်တွင် ကျောင်းသားကျောင်းသူပေါင်း ခုနစ်သောင်းခန့်ရှိပြီး ဆရာ ဆရာမပေါင်း သုံးထောင်ကျော်ရှိကြောင်း၊ ထို့ကြောင့် ဆရာ၊ ကျောင်းသား ၁း၂၁ အချိုးဖြင့် သင်ကြားပေးနေသည်ကို တွေ့ရကြောင်း၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်မှာ ၃၀ ရာခိုင်နှုန်း -၄၀ ရာခိုင်နှုန်း ကြားရှိသည့်အတွက် ယေဘုယျအားဖြင့် အသင့်အတင့် အောင်မြင်မှုရှိသည်ကို တွေ့ရကြောင်း။

အဆင့်မြင့်ပညာရေးကဏ္ဍ အနေဖြင့် ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ သမဝါယမကောလိပ်၊ နည်းပညာကောလိပ် တစ်ခုစီရှိနေသည်ကို တွေ့ရကြောင်း။

နိုင်ငံတော်အစိုးရက အဆင့်မြင့်ပညာသင်ကျောင်းသား ကျောင်းသူများ မိမိဒေသအတွင်း အိုးမကွာအိမ်မကွာ ပညာသင်ကြားနိုင်စေရန်အတွက် ဒေသအတွင်း ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ကောလိပ်များ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

ဖွဲ့စည်းပုံကျောင်းသား (၈၀၀၀) ဖြင့် (sanction) ချပေးထားသည့် မုံရွာတက္ကသိုလ်တွင် လက်ရှိတက္ကသိုလ်ကျောင်းသား ကျောင်းသူ ၁၁၆၇၉ ဦးဖြင့် စာသင်ကြားနေရသည့် ဝန်ထုပ်ဝန်ပိုးပြဿနာကို ဖြေလျှော့နိုင်ရန်၊ လူဦးရေငါးသိန်းရှိသည့် စစ်ကိုင်းခရိုင်သည် လက်ရှိတက္ကသိုလ်၊ ကောလိပ်များနှင့် ရောင့်ရဲတင်းတိမ်မနေကြဘဲ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်ကဲ့သို့သော တက္ကသိုလ်မျိုးတစ်ခု ပေါ်ထွက်လာနိုင်အောင် ဒေသခံပြည်သူများ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်၍ ကြိုးစားအားထုတ်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဘက်ကိုသာ အားကိုးအားထား ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ တိုင်းဒေသကြီးအစိုးရနှင့် စစ်ကိုင်းခရိုင်ပြည်သူများက ရုပ်ပိုင်းဆိုင်ရာတချို့ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ပါက ပိုမိုလျင်မြန်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဘက်ကလည်း လိုအပ်သည်များ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း။

အလားတူ အခြေခံပညာကျောင်းများ၏ လိုအပ်ချက်များကိုလည်း ပညာရေးဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းနှင့်အညီ ယခုအတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ပြည်သူများ ပါဝင်ဖွဲ့စည်းထားသည့် ကျောင်းသား

စာမျက်နှာ ၅ ကော်လံ ၁

7-2 (04).pmd 1 2/7/2012, 3:43 AM

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ❐ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရအဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ❐ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ❐ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားအောင်ဖော်ဆောင်ရေး။
- ❐ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး။
- ❐ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကို ကျင့်သုံးပြီး ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သမဝါယမကောလိပ် (စစ်ကိုင်း) ၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအရင်းခံဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်ရာ၊ ပညာတတ်များအားမွေးထုတ်ပေးရာ ပညာရေးကဏ္ဍမြင့်မားနိုင်အောင် အားလုံးဝိုင်းဝန်းရွက်ဆောင်သွားကြပါဟု တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းပညာရေးတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ် (စစ်ကိုင်း)၊ သမဝါယမကောလိပ် (စစ်ကိုင်း)၊ စစ်ကိုင်းပညာရေးကောလိပ်၊ အမှတ် (၁)၊ အမှတ်(၂)နှင့် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးတို့အတွက် ရွှေသံလွင်ကုမ္ပဏီလီမိတက်က Sky Net ရုပ်သံဖမ်းစက် (၁၆)စုံ၊ စီးပွားရေးလုပ်ငန်းရှင်များက တက္ကသိုလ်၊ ကောလိပ်များနှင့် အထက်တန်းကျောင်းများအတွက် တစ်ကျောင်းလျှင် ကွန်ပျူတာဝယ်ယူရန် ငွေကျပ်သိန်း ၅၀ နှင့် ကျောင်းရန်ပုံငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၁၅၀ စီနှင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးအတွက် အလှူငွေကျပ်သိန်း ၅၀၀ စုစုပေါင်း ငွေကျပ်သိန်း ၁၅၅၀ ကို လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေတောင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်က စစ်ကိုင်းမြို့တွင်းလမ်း ၁၈ လမ်း ပြုပြင်ထိန်းသိမ်းရန်အတွက် တစ်လမ်းလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၁၈၀ ကို ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (စစ်ကိုင်း)ရုံးသို့ ရောက်ရှိရာ အသင်းဥက္ကဋ္ဌ ဦးတိုင်းအောင်နှင့် အေးအေးခိုင် ကျောက်မျက်ရတနာကုမ္ပဏီမှ ဦးစိုးနိုင်တို့က စစ်ကိုင်းမြို့တွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ အချောထည်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ပြန်လည်ထွက်ခွာခဲ့ရာ ညပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၄ မှ

မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်နှင့် ပြည်သူများဘက်ကလည်း ကိုယ့်ဒေသကျောင်း တိုးတက်ရေးအတွက် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ဆရာ ဆရာမများကလည်း ကျောင်းသား ကျောင်းသူလေးများအား သင်ကြားလေ့ကျင့်ပေးကြရာတွင် ယခင်ကကဲ့သို့ အလွတ်ကျက်မှတ်နည်းမျိုး တစ်ခုတည်းကိုသာ အားကိုးပြီး သင်ကြားနေခြင်းမျိုးမဟုတ်ဘဲ ယခုခေတ်လိုအပ်သည့်-

- ကလေးဗဟိုပြုသင်ကြားနည်းဖြင့် သင်ကြားရန်၊
- အင်္ဂလိပ်စာ၊ စကားကို ဂရုပြု သင်ကြားရန်၊
- အကျင့်စာရိတ္တ ယဉ်ကျေးသိမ်မွေ့သူများ ဖြစ်လာရေး သင်ကြားရန်၊
- ကျန်းမာရေး ဗဟုသုတရရှိရေး၊ စိုက်ပျိုးရေး သဘောတရားနားလည်စေရေး သင်ကြားရန်၊
- ပတ်ဝန်းကျင်ထိန်းသိမ်းမှု အလေ့အထများ စွဲမြဲစေရန် သင်ကြားပေးရမည်ဖြစ်ပြီး ဆရာ ဆရာမများကိုယ်တိုင် အရည်အသွေးမြင့်နေစေရန် ကြိုးပမ်းအားထုတ်နေရမည်ဖြစ်ကြောင်း။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်နေပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့လည်း ကူးပြောင်းနိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုလယ်ယာစနစ်ကို တည်ဆောက်နိုင်မှသာလျှင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ စိုက်ပျိုးရာတွင် လျင်မြန်လွယ်ကူခြင်း၊ လုပ်သားရှားပါးမှုပြဿနာ ဖြေရှင်းနိုင်ခြင်း၊ အလေအလွင့်လျော့နည်းခြင်း၊ ထုတ်ကုန်ပစ္စည်း အရည်အသွေးကောင်းမွန်ပြီး ဈေးကောင်းရရှိခြင်း စသည့် ကောင်းကျိုးများကို ခံစားနိုင်ပြီး တောင်သူလယ်သမားများ၏ လူမှုဘဝကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

သို့သော် စိုက်ပျိုးရေးလုပ်ငန်းသည် ပြည်သူလူထုတစ်ဦးချင်းကိုရော တိုင်းပြည်ကိုပါ ချမ်းသာဖွံ့ဖြိုးမှုရောက်အောင် မပို့ဆောင်နိုင်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုး တိုးတက်မှုကိုကြည့်လျှင် ကဏ္ဍကြီး (၃)ရပ်ရှိကြောင်း၊

(၁) စိုက်ပျိုးရေးကဏ္ဍ
(၂) စက်မှုကဏ္ဍ
(၃) ဝန်ဆောင်မှုကဏ္ဍ

တို့ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများကို ကြည့်မည်ဆိုလျှင် စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများကသာ အဓိကထားမြင့်မားနေကြပြီး စိုက်ပျိုးရေးကဏ္ဍသည် ၁၀-၂၀ ရာခိုင်နှုန်းမျှသာ ပါဝင်သည်ကို တွေ့ရသည့်အတွက် ယင်းကဏ္ဍ(၂)ခု တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများကို မြှင့်တင်လိုပါက ပြည်သူလူထု၏ ပညာစွမ်းရည်မြင့်မားရန်လိုသည့်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ရာဖြစ်သည့် ပညာရေးကဏ္ဍမှ ထူးခြားတိုးတက်မြင့်မားလာရန် အထူးလိုအပ်ကြောင်း။

လူသားတို့၏ စွမ်းရည်ပညာနှင့် အလုပ်လုပ်၍ ရရှိလာသော အကျိုးအမြတ်များသည် သဘာဝသယံဇာတကို အားကိုးပြီး ထုတ်လုပ်သည့် အကျိုးအမြတ်ထက် အဆပေါင်းများစွာ သာလွန်ပြီး စဉ်ဆက်မပြတ် သက်တမ်းကြာရှည်သုံးစွဲနိုင်သည့် အခွင့်အလမ်းရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီး ခုတင် (၂၀၀)ဆံ့ သံကူကွန်ကရစ်နှစ်ထပ် တိုးချဲ့လူနာဆောင်နှင့် ခွဲစိတ်ဆောင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ်ရေတပ်ဦးစီးချုပ်ဦးဆောင်သောအဖွဲ့ မြန်မာနိုင်ငံအတွင်း လှည့်လည်ကြည့်ရှုလေ့လာပြီး ပြန်လည်ထွက်ခွာ

နေပြည်တော် ဖေဖော်ဝါရီ ၆

ဘင်္ဂလားဒေ့ရှ်ရေတပ်ဦးစီးချုပ် Vice Admiral Zahir Uddin Ahmed (ND) , ndc , psc ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂ ရက်တွင် နေပြည်တော်ရှိ ကျောက်မျက်ပြတိုက်သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူတို့က ရှင်းလင်းပြသကြသည်။ ထို့နောက် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့ သွားရောက်လည်ပတ်ကြပြီး ညနေပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ဘင်္ဂလားဒေ့ရှ် ရေတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၃ ရက်တွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်သို့ ရောက်ရှိကြပြီး စစ်တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပုဂံ-ညောင်ဦးမြို့သို့ ရောက်ရှိကြပြီး မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအထောက်အထား... ဆိုင်များအား ကြည့်ရှုလေ့လာကြကာ ရှေးဟောင်းဘုရားများအား လှည့်လည်ဖူးမြော်ကြည်ညိုသည်။

အလေးပြု

ယင်းနောက် ဖေဖော်ဝါရီ ၄ ရက်တွင် ရန်ကုန်မြို့ရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက်၍ ဂါရဝပြုပန်းခွေချအလေးပြုကြသည်။

ထို့နောက် ဖေဖော်ဝါရီ ၅ ရက်တွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဇဗ္ဗားရှားဂူဗိမာန်သို့ သွားရောက် ဂါရဝပြုကြသည်။

အဆိုပါ ဘင်္ဂလားဒေ့ရှ်ရေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်ချုပ် သူရသက်ဆွေ၊ ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် မောင်ဦးလွင်၊ ဓညဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် တင်အောင်စန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်စစ်သံမှူး Brigadier General Md Shahidul Haque , psc နှင့်ဇနီး၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းများ

အီဂျစ်-အစ္စရေး ဓာတ်ငွေ့ပိုက်လိုင်း အဖျက်သမားတို့ ဖောက်ခွဲဖျက်ဆီး

ကိုင်ရို ဖေဖော်ဝါရီ ၆

အစ္စရေးနိုင်ငံသို့ ဓာတ်ငွေ့ပေးပို့ ဖြန့်ဖြူးသည့် အီဂျစ်ပိုက်လိုင်းတစ်နေရာကို အဖျက်သမားတစ်စုက ဗုံးခွဲဖျက်ဆီးလိုက်ကြောင်း၊ ယင်းသို့ ဓာတ်ငွေ့ပိုက်လိုင်းကို ဖောက်ခွဲခြင်းမှာ ယခုအခါ လွန်ခဲ့သည့် ၁၂ လအတွင်း (၁၂)ကြိမ်မြောက် ဖောက်ခွဲခြင်းဖြစ်ကြောင်း ဖေဖော်ဝါရီ ၅ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ဆိုင်းနိုင်းကျွန်းဆွယ်မြောက်ပိုင်း အယ်အရစ်မြို့အနောက်ဘက် ကီလိုမီတာ ၆၀ ခန့်အကွာ ဓာတ်ငွေ့ပိုက်လိုင်းတစ်နေရာကို ယင်းနေ့နံနက်စောစောပိုင်းက မျက်နှာဖုံးစွပ်အဖျက်သမားတစ်စုက ဖောက်ခွဲဖျက်ဆီးခြင်းဖြစ်ကြောင်း အီဂျစ်လုံခြုံရေးအရာရှိများက ပြောကြားသည်။ မီးဟုန်းဟုန်းတောက်ခြင်းမဖြစ်ပွားမီ အသံကျယ်လောင်စွာ ပေါက်ကွဲသံကို မိမိတို့ကြားခဲ့သိရှိရခြင်းဖြစ်ကြောင်း ဒေသခံမျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ **(ယာပုံ)** **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ ကုန်းမြင့်ပိုင်း၌ ဆီးနှင်းများပြိုကျ

ကဘူးလ် ဖေဖော်ဝါရီ ၆

အာဖဂန်နစ္စတန်နိုင်ငံ ကုန်းမြင့်ဒေသပိုင်းတွင် နှင်းပြိုကျမှုကြောင့် လူလေးဦးသေဆုံးပြီး ခြောက်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိကြောင်း ဖေဖော်ဝါရီ ၅ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဖြစ်စဉ်မှာ ကဘူးလ်မြို့တော် အရှေ့မြောက်ဘက် ၃၁၅ ကီလိုမီတာအကွာ ဘာဒက်ခ်ရှန်းပြည်နယ် အာဂျစ္စတန်ခရိုင် ကုန်းမြင့်ဒေသပိုင်းရှိ နှင်းခဲများ ပြိုကျခြင်းဖြစ်သည်။ တောင်ကုန်းအနီးရှိ ကျေးရွာအချို့ ယင်းနှင်းပြိုကျမှုအန္တရာယ်ကို ကြုံတွေ့ခဲ့ပြီး လူလေးဦးသေဆုံးခဲ့သည်။ **(ဝဲပုံ)**

"ဖေဖော်ဝါရီ ၄ ရက်က ဆီးနှင်းပြိုကျမှုဖြစ်ခဲ့တာပါ။ အာဂျစ္စတန်ခရိုင်အတွင်းက ကျေးရွာအချို့ နှင်းပြိုမှုကြုံတွေ့ပြီး လူသေဆုံးမှုနဲ့ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ခဲ့ပါတယ်"ဟု ပြည်နယ်သဘာဝဘေးဆိုင်ရာဌာန ဥက္ကဋ္ဌက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။ ဘာဒက်ခ်ရှန်းပြည်နယ်တွင် ဆီးနှင်းဆိုးရွားစွာကျဆင်းပြီး အအေးပြင်းထန်မှုကြောင့် ပြီးခဲ့သည့်သီတင်းပတ်များအတွင်း သေဆုံးသူ ၄၀ ကျော်ခဲ့ပြီဖြစ်သည်။ အာဂျစ္စတန်ခရိုင်မှာ ရာသီဥတုအဆိုးဆုံး ကြုံတွေ့နေရကြောင်း သတင်းတွင် ထပ်မံဖော်ပြသည်။ **(အင်တာနက်)**

ဆိုမာလီအစိုးရတပ်နှင့် အကြမ်းဖက်သမားတို့တိုက်ပွဲဖြစ် အနည်းဆုံး ၂၆ ဦးသေဆုံး

မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၆

ဆိုမာလီနိုင်ငံတောင်ပိုင်းတွင် ဆိုမာလီအစိုးရတပ်များနှင့်အယ်ရှာဘတ် အကြမ်းဖက်လက်နက်ကိုင်တို့ တိုက်ပွဲများဖြစ်ပွားကြရာတွင် အနည်းဆုံး ၂၆ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားကြောင်း သတင်းတွင်ဖော်ပြပါရှိသည်။

ဆိုမာလီနိုင်ငံတောင်ပိုင်း ဂေးဒိုပြည်နယ် လူးအပ်မြို့အတွင်း ဆိုမာလီအစိုးရတပ်ဖွဲ့ဝင်များကို အယ်ရှာဘတ်လက်နက်ကိုင်များက ဖေဖော်ဝါရီ ၅ ရက်က ရုတ်တရက်ဝင်ရောက်တိုက်ခိုက်ရာမှ တိုက်ပွဲစတင်ခြင်းဖြစ်သည်။

ပစ်ခတ်

အစိုးရတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်တို့ အပြန်အလှန်တိုက်ခိုက်ပစ်ခတ်စဉ် စိန်ပြောင်းများဖြင့်လည်း ရန်သူခေါင်းမထောင်နိုင်အောင် ပစ်ခတ်ကြောင်းသိရပြီး အနည်းဆုံးကိုးဦးသေဆုံးသည်။

ဂေးဒိုပြည်နယ် အယ်ဝပ်မြို့ဆင်ခြေဖုံး၌ ဖြစ်ပွားသည့်တိုက်ပွဲတွင်လည်း အနည်းဆုံး လူခြောက်ဦးသေဆုံးခဲ့သည်။

တိုက်ခိုက်

အေရာအက်ကျေးရွာ၌ အစိုးရတပ်ဖွဲ့ဝင်များ၏ ယာဉ်တန်းကို လက်နက်ကိုင်များကတိုက်ခိုက်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

ဘော့စနီးယား၌ ဆီးနှင်းများကျဆင်းမှု ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးများဆောင်ရွက်နေ

ဘဲလ်ဂရိတ် ဖေဖော်ဝါရီ ၆

ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံတောင်ပိုင်းတွင် နှင်းမုန်တိုင်းများ တိုက်ခတ်မှုနှင့် အပူချိန်ကျဆင်းမှုများအပြင် ဆီးနှင်းများဆိုးရွားစွာ ကျဆင်းနေမှုများကြောင့် ဒေသခံများ စားနပ်ရိက္ခာပြတ်လပ်လျက်ရှိရာ စစ်ဘက်ရဟတ်ယာဉ်များဖြင့် အစားအစာများပေးပို့နေရကြောင်း ဒေသဆိုင်ရာမီဒီယာများက ဖေဖော်ဝါရီ ၆ ရက်၌ ဖော်ပြသည်။

ပို့ဆောင်ပေး

ရာသီဥတုဘေးဒဏ် ဆိုးရွားစွာကြုံတွေ့နေရသော နိုင်ငံတောင်ပိုင်း ဂါကိုမြို့ဝန်းကျင်ကျေးရွာများရှိဒေသခံများအား စစ်ဘက်ရဟတ်ယာဉ်များဖြင့် အစားအစာဖြန့်ဝေပေးနေရပြီး ကျန်းမာရေးဆိုးရွားနေသူများအား ရဟတ်ယာဉ်ဖြင့် ဆေးရုံများသို့ ပို့ဆောင်ပေးနေရဆဲသည်။

ထို့အပြင် ဖိုကာမြို့အရှေ့တောင်ပိုင်းအနီး၌ ဆီးနှင်းထုအတွင်း ပိတ်မိနေသော မော်တော်ယာဉ်များအတွင်းမှ လူ ၁၂ ဦးအား ရဟတ်ယာဉ်နှစ်စင်းဖြင့် သယ်ထုတ်ကာ ဘေးကင်းရာသို့ ပို့ဆောင်ပေးခဲ့ရသည်။ တစ်ဖန် ကာလီနိုဗစ်မြို့အနီးတွင် ကလေးတစ်ဦးအပါအဝင် လူလေးဦးဆီးနှင်းထုအတွင်း ပျောက်ဆုံးနေခြင်းကို ရဟတ်ယာဉ်များဖြင့် လိုက်လံရှာဖွေလျက်ရှိသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် - စုစည်းသည်

အီရန်က နာဗစ်အမည်ရှိ ဂြိုဟ်တုလွှတ်တင်

တီဟီရန် ဖေဖော်ဝါရီ ၆

အီရန်နိုင်ငံက နာဗစ်အမည်ရှိ ဒုံးပျံဖြင့် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို ဖေဖော်ဝါရီ ၅ ရက်က အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးဌာနမှ ဖေဖော်ဝါရီ ၆ ရက်၌ သတင်းထုတ်ပြန်သည်။

သယ်ဆောင်သွား

ယင်းဂြိုဟ်တု **(ယာပုံ)** သည် ကမ္ဘာမြေမှ ကီလိုမီတာ ၂၅၀ နှင့် ၃၇၅ ကီလိုမီတာအကြားတွင် ရပ်တည်ကာ ကမ္ဘာမြေ၏ အနီးကပ်ပုံရိပ်များကိုရယူကာ ထုတ်ပြန်ပေးမည်ဖြစ်သည်။ ၎င်းဂြိုဟ်တုကို ဆာဖီရာဒုံးပျံဖြင့် သယ်ဆောင်သွားခြင်းဖြစ်ကြောင်း အီရန်နိုင်ငံ၏အာကာသရေးရာအင်ဂျင်နီယာ ဗာဟီဒီက ပြောကြားသည်။

ထို့အပြင် အီရန်နိုင်ငံသည် ဖီဂျာဟုအမည်ပေးထားသော မျိုးဆက်သစ်ဂြိုဟ်တုတစ်လုံးကို အီရန်နိုင်ငံထူထောင်သည့် ၃၃ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အာကာသသို့ လွှတ်တင်ရန် စီစဉ်ထားသည်။

တစ်ဖန် အီရန်နိုင်ငံက ၂၀၁၉ ခုနှစ်တွင် ပထမဆုံးလူလိုက်ပါမည့် အာကာသယာဉ်ခရီးစဉ်ကို စေလွှတ်ရန် စီစဉ်ထားကြောင်း ယင်းသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**



ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း လာဟိုးမြို့၌ သုံးထပ်အဆောက်အအုံပြိုကျ၊ လူ ၁၀၀ ကျော် ပိတ်မိနေ

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၆

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း လာဟိုးမြို့တွင် ဖေဖော်ဝါရီ ၆ ရက် နံနက်က ပေါက်ကွဲမှုတစ်ရပ်ကြောင့် သုံးထပ်အဆောက်အအုံတစ်ခု ပြိုကျခဲ့ရာ ၁၅ ဦးခန့် ဒဏ်ရာရပြီး အပျက်အစီးများအောက်၌ လူ ၁၀၀ ကျော် ပိတ်မိနေကြောင်း ဒေသဆိုင်ရာမီဒီယာများက ဖော်ပြသည်။ **(ဝဲပုံ)**

ဖြစ်ပွားသည့်နေရာမှာ လာဟိုးမြို့ ဟန်ဆန်တောင်းအရပ်တွင်ရှိသော ဆေးဘက်ဆိုင်ရာကုမ္ပဏီအဆောက်အအုံတွင် ယင်းနေ့နံနက် ၈ နာရီခွဲခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများနှင့် အပျက်အစီးများအောက်၌ ပိတ်မိနေသူများမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြသည်။

ယင်းပေါက်ကွဲမှုမှာ ၎င်းအဆောက်အအုံမှ ဘွိုင်လာအိုးပေါက်ကွဲမှုကြောင့် ဖြစ်နိုင်ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုအနေအထားမျိုးမဟုတ်ကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။ ထိုသို့ပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်ရှိ အိမ်သုံးလုံးလည်းပျက်စီးခဲ့သည်။

ပြိုကျပျက်စီးနေသော အဆောက်အအုံပျက်အတွင်း အမျိုးသမီး ၇၀ ကျော်နှင့် ကလေးငယ် ၄၀ ခန့်တို့ ပိတ်မိနေဆဲဖြစ်ရာ ကယ်ဆယ်ရေးလုပ်ငန်းများ အရေးပေါ်ဆောင်ရွက်လျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၆-၂-၂၀၁၂)

တင်မောင်လွင် - စုစည်းသည်

ရုရှားနိုင်ငံတွင် တိုယိုတာကားများထုတ်လုပ်ရေး အမေရိကန်ဒေါ်လာသန်း ၉၀ ရင်းနှီးမြှုပ်နှံမည်

ဂျပန်ကားထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် တိုယိုတာကုမ္ပဏီက ရုရှားနိုင်ငံအနောက်မြောက်ပိုင်း စိန့်ပီတာစဘတ်မြို့ရှိ ၎င်း၏စက်ရုံ၌ လာမည့်သုံးနှစ်အတွင်း အမေရိကန်ဒေါ်လာ သန်း ၉၀ အထိရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၅ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ရုရှားရှိ တိုယိုတာမော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီက စိန့်ပီတာစဘတ်မြို့ရှိ အဆိုပါစက်ရုံ၌ ယင်းကားထုတ်လုပ်မှုများတွင် အသုံးပြုသွားရန်စီစဉ်ထားခြင်းဖြစ်သည်ဟု ထုတ်ဖော်ပြောကြားသည်။ ၂၀၁၄ ခုနှစ်ကျော်တွင် ရူဘယ် ၂ ဒသမ ၇ ဘီလီယံ(အမေရိကန်ဒေါ်လာ ၈၉ ဒသမ ၃ သန်း) ဝန်းကျင်အထိ ရင်းနှီးမြှုပ်နှံသွားမည်ဟု အဆိုပါကုမ္ပဏီက ဖြည့်စွက်ပြောကြားခဲ့သည်။ ကားဘော်ဒီအစိတ်အပိုင်းများနှင့် ပလတ်စတစ်ပိုင်းဆိုင်ရာများအပါအဝင် အခြားကားအပိုပစ္စည်းသစ်များ ထုတ်လုပ်ခြင်းကိုလည်း ၂၀၁၄ ခုနှစ်အတွင်း စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ရုရှားဈေးကွက်တွင် တိုယိုတာကားများ ပိုမိုရောင်းချနိုင်သည့် အခြေအနေရှိသည်ဟု မျှော်မှန်းထားသည့်အတွက်ကြောင့် ယင်းကဲ့သို့ ဆုံးဖြတ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူများက ထုတ်ပြန်ချက်တစ်ရပ်ကို ပြောကြားခဲ့သည်။ အဆိုပါ တိုယိုတာကားထုတ်လုပ်ရေးစက်ရုံကို ရုရှားနိုင်ငံစိန့်ပီတာစဘတ်မြို့တွင် ပြီးခဲ့သည့် ၂၀၀၇ ခုနှစ်က အလုပ်သမား ၁၃၀၀ ဖြင့် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ခရီးသည်တင်လေယာဉ်တစ်စင်း မီးခိုးထွက်မှုကြောင့် ဟန်ဂေရီလေဆိပ်၌ အရေးပေါ်ဆင်းသက်

ခရီးသည် ၁၃၅ ဦး တင်ဆောင်လာသည့် လေယာဉ်တစ်စင်းသည် ၎င်း၏မော်တာတစ်ခုမှ မီးခိုးထွက်လာသည်ကို သတိပြုမိခဲ့ပြီးနောက် ဖေဖော်ဝါရီ ၅ ရက် နံနက်က ကိုပင်ဟေဂင်လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ဒေသဆိုင်ရာမီဒီယာများက ပြောကြားသည်။ အဆိုပါခရီးသည်များတွင် နော်ဝေအိမ်ရှေ့မင်းသား ဟောကွန်နှင့် ၎င်း၏ဇနီးသည် အိမ်ရှေ့မင်းသမီး ဗီတာမာရစ်တို့ ပါဝင်လိုက်ပါခဲ့ကြောင်း ဒိန်းမတ် DR သတင်းဌာနမှ သတင်းထုတ်ပြန်ရေးသမားများကပြောကြားသည်။ ၎င်းတို့ဇနီးမောင်နှံသည် ဒိန်းမတ်အိမ်ရှေ့မင်းသား မာရေး၏ အနှစ် (၄၀)မြောက်ပြုလုပ်သည့် မွေးနေ့အခမ်းအနားသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပေါ်လိုက်ပါသည့် ခရီးသည်တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း၊ လုံခြုံဘေးကင်းစွာ ကယ်ဆယ်ရေးပြုလုပ်နိုင်ခဲ့ကြောင်း SAS လေကြောင်းလိုင်းမှ တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါလေယာဉ်တွင် ယင်းကဲ့သို့ လေယာဉ်၏မော်တာတစ်လုံးမှ မီးခိုးထွက်လာသည်ကို လေယာဉ်မှူးက သတိပြုမိသဖြင့် လေယာဉ်ကိုဆင်းသက်ကာ ခရီးသည်များအား အရေးပေါ်ကယ်ဆယ်ခဲ့ရခြင်းဖြစ်ကြောင်း၊ မီးခိုးထွက်ရသည့်အကြောင်းကို ယခုတိုင်မသိရှိရသေးကြောင်း၊ စစ်ဆေးမှုများ ဆက်လက်ပြုလုပ်နေကြောင်း အဆိုပါလေယာဉ်မှူးက ပြောကြားသည်။

အနောက်ဂျာဗားတွင် ယာဉ်တိုက်မှုဖြစ်၊ ၁၁ ဦးသေဆုံး

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် ဖေဖော်ဝါရီ ၃ ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီးမတော်တဆဖြစ်ပွားမှုကြောင့် အနည်းဆုံး လူ ၁၁ ဦးသေဆုံးခဲ့ကြောင်း ဒေသအာဏာပိုင်များက ဖေဖော်ဝါရီ ၅ ရက်တွင် ပြောကြားသည်။ အဆိုပါဖြစ်ပွားမှုသည် ယင်းနေ့ ညနေပိုင်းက ဘန်ဒန်မြို့အရှေ့မြောက်ဘက် ၃၅ ကီလိုမီတာအကွာခန့်ရှိ ဆူမီဒန်မြို့ ဝါဒိုဒေသ၌ ရှေ့မှမောင်းနှင်လာသော ကုန်တင်ကားတစ်စီးနှင့်တိုက်မိပြီး ခရီးသည်တင်ယာဉ်မှာ လျှိုမြောင်တစ်ခုအတွင်းသို့ ထိုးကျသွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်

အမျိုးသမီးများလူမှုရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် တွေ့ဆုံ လုပ်ဆောင်ချက်များလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၆

မန္တလေးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်သည် ယမန်နေ့ နံနက် ၉ နာရီတွင် စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်လှူဒါန်းသည်။

ရှေးဦးစွာ ဒုတိယသမ္မတ၏ဇနီးသည် ဆွမ်းဦးပုညရှင်စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာရည်တို့ကို ဆက်ကပ်ပြီး အလှူငွေများပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ၏ဇနီးသည် စစ်ကိုင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအစည်းအဝေးခန်းမ၌ကျင်းပသည့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အားပေး၍ နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုကဲ့သို့ အမျိုးသမီးများလူမှုရေးဆိုင်ရာ အသင်းအဖွဲ့နှစ်ခုနှင့် လာရောက်တွေ့ဆုံရခြင်းမှာ ဤအသင်းအဖွဲ့များ၏ လုပ်ဆောင်ချက်များကို ကြည့်ရှုလေ့လာရန်၊ အကြံဉာဏ်ပေးနိုင်သည်များရှိပါကလည်းပေးရန်၊ စိတ်ဓာတ်ရေးရာကိုလည်း မြှင့်တင်ပေးရန် လာရောက်ခြင်းပင်ဖြစ်ပါကြောင်း။

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းများသည် မိမိတို့အမျိုးသမီးထုအားလုံး၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးကိစ္စရပ်များအပြင် အမျိုးသမီးများအား အကြမ်းဖက်မှုကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသမီးများအား လူကုန်ကူးမှုမှ တားဆီးကာကွယ်ရေး၊ အမျိုးသမီးငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ပြုစုပျိုးထောင်ရေး၊ မြန်မာ့ယဉ်ကျေးမှုနှင့် သဟဇာတဖြစ်အောင် စောင့်ရှောက်လမ်းညွှန်ရေးစသည့်လုပ်ငန်းဆောင်ရွက်ချက်များ ပါဝင်ပါကြောင်း။

ယင်းသို့သော အတိုင်းအတာတစ်ခုအထိ ကျယ်ပြန့်လှသော လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ခြင်းမှာ မွန်မြတ်သည့် စိတ်ထား၊ စေတနာ၊ ဝါသနာ၊ အနစ်နာခံနိုင်မှုရှိပါမှ လုပ်ငန်းအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

ပြီးခဲ့သည့်ကာလများက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့၏လုပ်ငန်းများကို အောင်မြင်အောင် ကြိုးမားသည့်စေတနာဖြင့် အနစ်နာခံဆောင်ရွက်ခဲ့ကြသူများအားလုံးကို ဗဟိုအမျိုးသမီးအဆင့် ကိုယ်စား များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားလိုပါကြောင်း။

ရှေ့ဆက်ပြီးလည်း အထက်ပါအမျိုးသမီးများနှင့် သက်ဆိုင်သည့်လုပ်ငန်းနယ်ပယ်များကို ဆက်လက်လုပ်ဆောင်သည့်အခါ စေတနာနှင့် အနစ်နာခံမှုကို အရင်းခံပြီး စည်းစည်းလုံးလုံး လက်တွဲညီညီဖြင့် ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းလိုပါကြောင်း။

ထို့ကြောင့် ယခု စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ်အသီးသီးရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် သက်ဆိုင်သောကိစ္စရပ်များ တွေ့ကြုံနေရသည့်အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တွင် ဖြေရှင်းရခက်သည့် အခက်အခဲရှိခဲ့လျှင်လည်း ဗဟိုအဆင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့နှင့် ပြန်လည်ညှိနှိုင်းဆွေးနွေးပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စွမ်းရည်က တိုင်းဒေသကြီးအတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆင်းရဲမှုလျှော့ချမှုလုပ်ငန်းများတွင် မိမိတို့အသင်းအဖွဲ့များအနေဖြင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနိုင်မှု၊ အသင်းဝင်အင်အားနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ခရိုင်နှင့် မြို့နယ်အဆင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက်လုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားကာ အထွေထွေကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ၏ဇနီးက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့အတွက် ငွေကျပ် ၁၀ သိန်းစီကို ထောက်ပံ့လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတ၏ဇနီးနှင့်အဖွဲ့သည် အဆိုပါရုံးအတွင်း မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲကဖွင့်လှစ်ထားသော စက်ချုပ်သင်တန်းမှ သင်တန်းသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ထို့နောက် ဒုတိယသမ္မတ၏ဇနီးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့နယ်ရှိ ဦးဘမင်ငွေထည်ပစ္စည်းရောင်းဝယ်ရေးဆိုင်နှင့်အလုပ်ရုံ**(အောက်ပုံ)**၊ ရွှေလမင်း ကျောက်ပုတီးလုပ်ငန်းနှင့် အလုပ်ရုံနှင့် သစ္စာရှင်ကြိမ်ထည်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

(သတင်းစဉ်)

ရင်သွေးငယ်များအတွက် ကာကွယ်ဆေးထိုးလုပ်ငန်း၏ "ကာကွယ်ဆေးအသစ်"

ယနေ့ကမ္ဘာပေါ်တွင် (၅)နှစ်အောက်ကလေး သန်းပေါင်းများစွာသည် ကူးစက်ရောဂါများကြောင့်သေဆုံးနေရပြီး အများအားဖြင့် ကာကွယ်ဆေးများဖြင့် ကာကွယ်၍ရနိုင်ပါလျက်နှင့် သေဆုံးနေရသည်ကို တွေ့ရှိရပါသည်။ ဝက်သက်ရောဂါကြောင့် သေဆုံးနှုန်းသည် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ၏ ၄၈ ရာခိုင်နှုန်းရှိပြီး အခြားရောဂါများဖြစ်သော မေးခိုင်ရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ ဆုံဆို့နာရောဂါ၊ တီဘီဦးနှောက်အမြှေးရောင်ရောဂါတို့ကြောင့်လည်း သေဆုံးလျက်ရှိပါသည်။ ထို့ပြင် အသည်းရောင်အသားဝါ(ဘီ)ရောဂါပိုးကြောင့် လူကြီးပိုင်းတွင် အသည်းရောဂါဖြင့် သေဆုံးမှုများသဖြင့် ယခုအခါ (၁)နှစ်အောက် ကလေးငယ်များတွင် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးကို ထိုးနှံလျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများကို တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လွှမ်းခြုံမှုရာခိုင်နှုန်း ၈၅ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိရှိသောကြောင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ ဖြစ်ပွားမှု သိသာစွာကျဆင်းခဲ့ပါသည်။

နိုင်ငံတော်၏ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ရင်သွေးငယ်များ၏ ကျန်းမာရေးကို စောင့်ရှောက်လျက်ရှိရာ အသစ်ရင်ဆိုင်လာရသော ကျန်းမာရေးပြဿနာများကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကလေးငယ်များ၏ တစ်ရာခိုင်နှုန်းသည် အသက်(၆)နှစ်မပြည့်မီ သေဆုံးပြီး မဖွံ့ဖြိုးသေးသော နိုင်ငံများတွင် ကလေးငယ်များ၏ ၂၀ ရာခိုင်နှုန်းခန့်သည် အသက်(၆)နှစ်မပြည့်မီ ရောဂါမျိုးစုံဖြင့် သေဆုံးလျက်ရှိရာ နှစ်စဉ် အသက် (၅)နှစ်အောက် ကလေးဦးရေ ၂ ဒသမ ၇ သန်းသည် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများကြောင့် သေဆုံးလျက်ရှိပါသည်။

၎င်းရောဂါများအနက် ဟေမိုဖီးလက်အင်ဖလူရင်ဇာဘီအမျိုးအစား Haemophilus type-b(Hib) ဗက်တီးရီးယားပိုးကြောင့် (၅)နှစ်အောက်ကလေးငယ်များတွင် ပြင်းထန်ဦးနှောက်အမြှေးရောင်ရောဂါနှင့် ပြင်းထန်အဆုတ်ရောင် ရောဂါဖြစ်ပွားပြီး သေဆုံးမှုများပြားလျက်ရှိပါသည်။

(၅)နှစ်အောက်ကလေး တစ်သိန်းလျှင် Hib ရောဂါကြောင့် သေဆုံးနှုန်းသည် အောက်ပါအခြေအနေအတိုင်းရှိ၍ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားမှု ရှိနေသည်ကို တွေ့ရှိရပါသည်-

၂၀၀၃ ခုနှစ် (၅)နှစ်အောက်ကလေးများသေဆုံးမှုအခြေအနေ လေ့လာမှုအရ (၅)နှစ်အောက်ကလေးစုစုပေါင်း၏ ၂၁ ရာခိုင်နှုန်းသည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့်လည်းကောင်း၊ ၁၄ ရာခိုင်နှုန်းသည် ဦးနှောက်အမြှေးရောင်ရောဂါကြောင့်လည်းကောင်း သေဆုံးကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့လာချက်အရလည်း ဟေမိုဖီးလက်အင်ဖလူရင်ဇာဘီရောဂါပိုးကြောင့် ပြင်းထန်ဦးနှောက်အမြှေးရောင်ရောဂါနှင့် အဆုတ်ရောင်ရောဂါများကြောင့် သေဆုံးမှု များပြားလာကြောင်းတွေ့ရှိရသဖြင့် ကမ္ဘာ့နိုင်ငံများတွင် ကာကွယ်ဆေးအသစ်များ ထိုးနှံနိုင်ရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

ဒေါက်တာစိုးလွင်ငြိမ်း
ညွှန်ကြားရေးမှူး(ကူးစက်)ကျန်းမာရေးဦးစီးဌာန

အရှေ့တောင်အာရှနိုင်ငံများတွင် ၂၀၁၁ ခုနှစ်မှစတင်၍ ကာကွယ်ဆေးအသစ်ဖြစ်သော Haemophilus B vaccine ကို ပြင်းထန်ဦးနှောက်အမြှေးရောင်ရောဂါနှင့် အဆုတ်ရောင်ရောဂါကာကွယ်ရန်အတွက် ထိုးနှံရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆုံးဖြတ်ခဲ့သည့်အတိုင်း Global Alliance for Vaccine and Immunization (GAVI) အဖွဲ့မှ Co-financing မူဖြစ်သော သက်ဆိုင်ရာနိုင်ငံများမှ ကာကွယ်ဆေးဝယ်ယူမှုတွင် ရန်ပုံငွေထည့်ဝင်ပါမှ အလှူရှင်မှကျန်ငွေများကို ထောက်ပံ့ပေးသည့်စနစ်ကို ၂၀၁၁ ခုနှစ်တွင် စတင်ကျင့်သုံးလာပါသည်။ Co-financing မထည့်ဝင်သော နိုင်ငံများအတွက် GAVI အဖွဲ့မှ ကာကွယ်ဆေးထောက်ပံ့မှု မရရှိနိုင်သောမူဖြစ်ပါသည်။ ထိုမူကို မကျင့်သုံးမီ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးအသစ်ကို New Vaccine Introduction မူအရ နိုင်ငံများသို့ (၅)နှစ်စာ ထောက်ပံ့ခဲ့ရာ မြန်မာနိုင်ငံအနေနှင့်လည်း ၂၀၀၃-၂၀၀၄ ခုနှစ်မှ ၂၀၀၉-၂၀၁၀ ခုနှစ်အထိ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးကို (၅)နှစ်စီမံချက်ဖြင့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပုံမှန် (၁)နှစ်အောက် ကာကွယ်ဆေးထိုးအစီအစဉ်တွင် သုံးကြိမ် ထည့်သွင်းထိုးနှံပေးခဲ့ရာ ကာကွယ်ဆေးလွှမ်းခြုံမှု ၉၀ ရာခိုင်နှုန်းကျော် ရရှိခဲ့ပါသည်။

(၅)နှစ်စီမံကိန်းဖြစ်သော်လည်း ကျန်းမာရေးဝန်ထမ်းများမှ အလေအလွင့်နည်းအောင် စနစ်တကျ စီမံခန့်ခွဲနိုင်သဖြင့် ၂၀၁၁ ခုနှစ် မေလအထိ Hepatitis B Vaccine ကို ထိုးနှံနိုင်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ် မေလနောက်ပိုင်းတွင် Hepatitis B ကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ထည့်သွင်းမထိုးနှံနိုင်တော့ပါ။ **ထိုကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး ပြတ်လပ်နေပြီဆိုသည့် သတင်းများလည်း ထွက်ပေါ်လာခဲ့ပါသည်။ ဖြစ်စဉ်အမှန်မှာ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးထိုးလုပ်ငန်း (၅)နှစ်စီမံကိန်း ပြီးဆုံးခြင်းဖြစ်ပါသည်။**

အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးထိုးပြီးသော ကလေးများ၏ ရောဂါကာကွယ်နိုင်မှုအခြေအနေများကို သုတေသနပြုလုပ်ခဲ့ရာ အသည်းရောင်အသားဝါ(ဘီ) ရောဂါခုခံနိုင်မှုများ သိသာစွာမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၎င်းရလဒ်ကို ဆက်လက်၍ အသုံးပြုနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ GAVI Co-financing မူကို အကောင်အထည်ဖော်နိုင်ရန် GAVI အဖွဲ့နှင့် အကြိမ်ကြိမ် ညှိနှိုင်းခဲ့ပါသည်။ GAVI အဖွဲ့မှ ထောက်ပံ့မည့် Penta Valent Vaccine တွင် ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါနှင့် ဟေမိုဖီးလက်၊ ဦးနှောက်အမြှေးရောင်ရောဂါနှင့် အဆုတ်ရောင်ရောဂါကာကွယ်နိုင်သည့် ကာကွယ်ဆေးအသစ်ဖြစ်သည့် (Hibvaccine) အပါအဝင် ရောဂါငါးမျိုးကို တစ်ကြိမ်တည်းထိုးနှံကာကွယ်နိုင်သည့် ကာကွယ်ဆေးအသစ်ပါဝင်ပါသည်။ ယခင်က ကာကွယ်ဆေးတစ်မျိုးချင်း ထိုးနှံရသဖြင့် ကလေးငယ်များ အကြိမ်ကြိမ်ဆေးထိုးခံရသောအခြေအနေမှ ယခုအခါ တစ်ကြိမ်တည်းထိုးရုံဖြင့် ကာကွယ်ဆေးငါးမျိုး ထိုးနှံပြီးသားဖြစ်သဖြင့် ကလေးငယ်များအတွက် အထူးကောင်းမွန်သော ကာကွယ်ဆေးဖြစ်ပြီး ၎င်းကာကွယ်ဆေးများဝယ်ယူရန်အတွက် Co-financing မူအရ GAVI အဖွဲ့မှ သတ်မှတ်ထားသည့် ကာကွယ်ဆေးဝယ်ယူရန် ရန်ပုံငွေကို သက်ဆိုင်ရာနိုင်ငံမှ ပေးသွင်းရမည်ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနကလည်း ထိုအခြေအနေများကို နိုင်ငံတော်အစိုးရသို့ တင်ပြခဲ့ရာ **နိုင်ငံတော်အစိုးရက GAVI အဖွဲ့မှ သတ်မှတ်ထားသော နှစ်စဉ်ထည့်ဝင်ရမည့် ရန်ပုံငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်းကို ချက်ချင်းပင် ခွင့်ပြုခဲ့ပါသည်။**

နိုင်ငံတော်အစိုးရ၏ စေတနာကား ကြီးမားလှပါသည်။ နိုင်ငံတော်က မိမိတို့ရင်သွေးငယ်များ၏ ကျန်းမာရေးအတွက် မည်မျှအလေးထားသည်ကို ဖော်ပြနေခြင်းဖြစ်ပါသည်။ ယခင်က အလှူရှင်လှူဒါန်းသော ဆေးကိုသာ အားကိုးနေခဲ့ကြရာမှ ယခုအခါ နိုင်ငံတော်က တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ Co-financing မူအရ နိုင်ငံတော်က ရန်ပုံငွေ ထည့်ဝင်သဖြင့် ကျန်လိုအပ်သော ရန်ပုံငွေများကို GAVI အဖွဲ့မှ ထည့်ဝင်ကာ Penta Valent ကာကွယ်ဆေးအသစ်ကို ထောက်ပံ့နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ယခင်က ရောဂါခုနစ်မျိုးအတွက် ကာကွယ်ဆေးကိုသာ ထိုးနှံနိုင်ခဲ့သည့်အခြေအနေမှ ယခုအခါ ကာကွယ်ဆေးအသစ်ပါဝင်သော Penta Valent Vaccine ကို ထိုးနှံနိုင်တော့မည်ဖြစ်ရာ မြန်မာ့ရင်သွေးငယ်များအတွက် ရောဂါရှစ်မျိုး၏ အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်တော့မည်ဖြစ်ပါသည်။

ထိုသို့အခြေအနေတစ်မျိုးမှ တစ်မျိုးသို့ ပြောင်းလဲရသည့် ကာကွယ်ဆေးထိုးလုပ်ငန်းအခြေအနေပြောင်းလဲစဉ်ကာလတွင် အခက်အခဲအချို့နှင့် ရင်ဆိုင်ရပါသည်။ အဓိကအချက်မှာ တစ်ကြိမ်ထိုးနှံရုံဖြင့် ကာကွယ်ဆေး ငါးမျိုးပါဝင်သည့် Penta Valent Vaccine ကို တစ်ကမ္ဘာလုံးမှသုံးစွဲတော့မည်ဖြစ်၍ ကာကွယ်ဆေးထုတ်လုပ်သော ကုမ္ပဏီများအနေဖြင့် ရောင်းအားသွက်သော Penta Valent Vaccine များကိုသာ တိုးတက်ထုတ်လုပ်လာကြရာ အသွင်ကူးပြောင်းရေးကာလတွင် ဆက်လက်အသုံးပြုရန် လိုအပ်သောကာကွယ်ဆေးတစ်မျိုးချင်း ထုတ်လုပ်မှုများကို ရပ်စဲလာကြသည်။

ထို့ကြောင့် တိုင်းပြည်များအနေဖြင့် ပုံမှန်တစ်မျိုးချင်းထိုးနေသော ကာကွယ်ဆေးများရရှိမှုမရှိသော အခက်အခဲနှင့် ရင်ဆိုင်ကြရပါသည်။ ဥပမာ- DPT ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုး၊ မေးခိုင်ရောဂါကာကွယ်ဆေး၊ Hepatitis B အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးတစ်မျိုးချင်းကို မထုတ်လုပ်ကြတော့ဘဲ Penta Valent Vaccineကို ထုတ်လုပ်လာကြသဖြင့် သုံးလက်စဖြစ်သော ၎င်းဆေးများဝယ်ယူရရှိမှုအခက်အခဲများကို မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ အဖွဲ့ဝင်နိုင်ငံအချို့ ရင်ဆိုင်လာကြရပါသည်။ Penta Valent Vaccine ကို GAVI အဖွဲ့မှ ၂၀၁၂ ခုနှစ် နှစ်လယ်မှ စတင်ထောက်ပံ့နိုင်ရန် စီစဉ်ထားသော်လည်း ကျန်းမာရေးဝန်ကြီးဌာနက ၎င်းထက် ဆောလျင်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ၎င်းမတိုင်မီကာလတွင် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် လိုအပ်သော DPT နှင့် Hepatitis B ကာကွယ်ဆေးများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် UNICEF အဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ညှိနှိုင်းဆောင်ရွက်နေသောကာလတွင်သာ ကာကွယ်ဆေးအနည်းငယ် လိုအပ်လျက်ရှိပြီး ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ်အတွက် ပုံမှန်ထိုးနေသောကာကွယ်ဆေးများ ဆက်လက်ရရှိစေရေးနှင့် ကာကွယ်ဆေးအသစ် Penta Valent အချိန်မီရရှိနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိရာ မိဘများအနေဖြင့် မိမိတို့ရင်သွေးငယ်များကို ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများအား ၂၀၁၂ ခုနှစ်ကို ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးနှစ် (Intensification of Routine Immunization Year) အဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ရန်အတွက် အစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ ၂၀၁၂ ခုနှစ်အတွင်း သိသာစွာ တိုးတက်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ ပံ့ပိုးကူညီမှု (အထူးသဖြင့် ကာကွယ်ဆေးအသစ်များ Penta Valent Vaccine ဝယ်ယူရန် ရန်ပုံငွေ ခွင့်ပြုခြင်း)နှင့် ဦးဆောင်လမ်းညွှန်မှုများရရှိထားပြီး ကျန်းမာရေးဝန်ကြီးဌာနကလည်း လုပ်ငန်းအောင်မြင်ရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

✻ *ကျောဖုံးမှ*

ထောက်ပံ့ငွေအသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်လျာထားမှုနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နိုင်ငံခြားရငွေ/ သုံးငွေစာရင်းတို့ကို ရှင်းလင်းတင်ပြသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦးက ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်များနှင့်လုပ်ငန်းစဉ်များ၊ ဦးစီးဌာနအလိုက် လုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်နေမှု၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ရငွေနှင့် အသုံးစရိတ်၊ ပြုပြင်ပြီးခန့်မှန်းခြေစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် သာမန်ရငွေနှင့် အသုံးစရိတ်၊ စိစစ်ပြီးငွေသားစာရင်းလျာထားမှု၊ ငွေလုံးငွေရင်း၊ အသုံးစရိတ်၊ ဆောက်လုပ်ရေးအသုံးစရိတ်၊ စက်ပစ္စည်းအသုံးစရိတ်၊ အခြားအသုံးစရိတ်၊ စိစစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်နှင့် နိုင်ငံခြားငွေ အသုံးစရိတ်စာရင်းတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ပညာရေး၊ အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေး ဦးတည်ချက်များ၊ ရည်မှန်းချက်များနှင့် ဆောင်ရွက်မည့်အစီအစဉ်များ၊ ဝန်ကြီးဌာန၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံသည့်စာရင်းချုပ်၊ ပြုပြင်ပြီးရသုံးမှန်းခြေ ငွေစာရင်း၊ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအရ သာမန်အသုံးစရိတ်၊ ၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ ခုနှစ် ရငွေ/သုံးငွေနှိုင်းယှဉ်ချက်၊ ၂၀၁၂-၂၀၁၃ခုနှစ် ဘဏ္ဍာငွေ အရ အသုံးခန့်မှန်းခြေငွေစာရင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် နိုင်ငံပိုင်နိုင်ငံခြားငွေ ရငွေ/သုံးငွေတို့ကို ရှင်းလင်းတင်ပြသည်။

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ၂၀၁၁-၂၀၁၂နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်များအတွက် အမျိုးသားစီမံကိန်းများတွင် ချမှတ်ထားသော ဝန်ကြီးဌာန၏

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်း၊ မူလခန့်မှန်းခြေ၊ ပြုပြင်ပြီး ခန့်မှန်းခြေ၊ ငွေလုံးငွေရင်းနှင့်ကြွေးမြီစာရင်း၊ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ် စိစစ်ပြီးလျာထားချက်ခန့်မှန်းခြေ သာမန်အသုံးစရိတ်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေနှင့် အသုံးစရိတ်တို့ကို ရှင်းလင်းတင်ပြသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းညွန့်က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်(ဖြည့်စွက်ငွေ)၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် သာမန်နှင့်ငွေလုံးငွေရင်းရငွေ/သုံးငွေလျာထားမှုတို့ကို ရှင်းလင်းတင်ပြပြီး ရသုံးမှန်းခြေငွေစာရင်းအရ ရငွေ/သုံးငွေများအား နေပြည်တော်စည်ပင်သာယာရေးဥပဒေနှင့်အညီ ကောက်ခံ/သုံးစွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြသည်။

ဆောက်လုပ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်က ဝန်ကြီးဌာန၏ မူဝါဒ၊ စီမံကိန်းရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းတို့ကို ရှင်းလင်းတင်ပြသည်။

ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမျိုးသားစီမံကိန်းမူဝါဒများ၊ ရည်မှန်းချက်များနှင့်လုပ်ငန်းစဉ်များ၊ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်တွင် ထပ်မံတောင်းခံသည့် ဖြည့်စွက်ခွင့်ပြုငွေ၊ ငွေလုံးငွေရင်းဖြည့်စွက်ခွင့်ပြုငွေ၊ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်း၊ သာမန်ရငွေ/အသုံးစရိတ်နှင့် ငွေလုံးငွေရင်းရငွေ/အသုံးစရိတ်တို့ကို ရှင်းလင်းတင်ပြသည်။

ကျင်းပ

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂နာရီ မိနစ် ၅၀တွင်ရပ်နားပြီး အစည်းအဝေးဆဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်းများ လျာထားချက်အတိုင်း အချိန်မီပြီးစီးရေးတည်ဆောက်

ရန်ကုန် ဖေဖော်ဝါရီ ၆

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်း အင်ဂျင်နီယာဦးတင့်လွင်က စီမံကိန်း လုပ်ငန်းအဆင့်ဆင့် အကောင်အထည်ဖော် တည်ဆောက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး အမှတ်(၂) ၁၂၀၀၀၀ အတွက် ဆည်မြောင်းစနစ် (Cannal System) များ ပြီးစီးဆောင်ရွက်မည့်အစီအမံများနှင့် တမံကို ၂၀၁၃ခုနှစ် ဇွန်လတွင်အပြီးသတ်ဆောင်ရွက်နိုင်မည့် အခြေအနေများကို တင်ပြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စီမံကိန်း၏ မူလအကျိုးပြု လျာထားစီမံချက်အတိုင်း ပြည်သူလူထုအား အကျိုးပြုနိုင်ရန် လုပ်ငန်းများအချိန်မီ၊ အချိန်ကိုက် အကောင်အထည်ဖော်ရမည်

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၌ စက်မှုလယ်ယာစနစ်စိုက်ပျိုးရေး အထူးဇုန် ဧက ၁၀၀၀၀ အား ရေချိုပေးသွင်းရန်နှင့် မိုးရာသီအတွင်း ရေထုတ်ရန်အတွက် ငမိုးရိပ်လက်ယာရေသောက်စနစ် မြောင်းလက်တံ အရှည်ပေ ၁၄၇၀၀အား စက်ယန္တရားကြီးများဖြင့် သဲနုန်းတူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း တည်ဆောက်အကောင်အထည်ဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်တည်ဆောက်ရေးအဖွဲ့(၃)မှ ညွှန်ကြားရေးမှူး ဦးနေဝင်းသိန်းက ရေအားလျှပ်စစ် ၂၀ မဂ္ဂါဝပ် စက်နှစ်လုံး ၂၀၁၃ ခုနှစ် ဧပြီ/မေလတွင် စမ်းသပ်မောင်းနှင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဆည်ရေပေးဝေနိုင်မည့် ဧက ဖြစ်ကြောင်း၊ ဆည်ပြီးသော်လည်း မြောင်းမပြီး၍ ဆည်ရေမပေးနိုင်သည် မျိုးမဖြစ်ရန် ယခုကတည်းက တစ်ချိန်တည်း တစ်ပြိုင်တည်း ဟန်ချက်ညီညီ လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ စီးဝင်ရေ၊ သိုလှောင်ရေတို့နှင့်ရေအားလျှပ်စစ်အတွက် အသုံးပြုမည့် ရေပမာဏကို ဟန်ချက်ညီညီ ဌာနချင်း ညှိနှိုင်းဆောင်ရွက်ကြရန် ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပေးရန် လိုအပ်ချက်များရှိပါကလည်း အဆင်ပြေစွာ ပူးပေါင်းလက်တွဲ ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ လူထုအတွက် မြန်မြန်အကျိုးပြုနိုင်ရေး လုပ်ငန်းများ လျာထားချက်အတိုင်း အချိန်မီပြီးစီးအကောင်အထည်ဖော် တည်ဆောက်သွားရန် ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းခွင်အတွင်း ရေပေးတူးမြောင်းမကြီး တူးဖော်မည့် မြေနေရာများ၊ သံမဏိဖိအားမြှင့် ရေပိုက်လိုင်း သွယ်တန်းမည့်နေရာများနှင့် စက်ယန္တရားကြီး ၇၉ စီးဖြင့် လုပ်ငန်းအကောင်အထည်ဖော်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဖြူးချောင်း ရေလှောင်တမံ၏ ဆည်ရေသောက်ဧရိယာမှာ ဧက ၁၂၀၀၀၀ ဖြစ်သည်။ ရေအားလျှပ်စစ်အနေဖြင့် ၂၀ မဂ္ဂါဝပ် စက်နှစ်လုံးတပ်ဆင်မည်ဖြစ်ပြီး နှစ်စဉ် ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ယင်းနောက် International Sun Moon Star ကုမ္ပဏီစိုက်ကွင်းသို့ရောက်ရှိပြီး သက်တမ်း ၇၂ ရက်သားရှိ ဖိလစ်ပိုင် ပုလဲသွယ်စပ်မျိုးစပါး စိုက်ခင်း၌ စပါးနှံများထွက်ရှိနေမှု၊ ဖိလစ်ပိုင် ပုလဲသွယ်စပ်မျိုးစပါး မိဘလိုင်း- အဖိုလိုင်း (R) ၏ ၂၇ ရက်သားပျိုးခင်းနှင့် စပ်မျိုး မျိုးစေ့ထုတ် ဧက ၃၀၀ စိုက်ခင်းအတွက် အမလိုင်း (A) တို့ စိုက်ပျိုးပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေး ပညာရှင် ဒေါက်တာရဲတင့်ထွန်းက ပန်းပွင့်ချိန် တိုင်ပင်ကိုက်ချိန်ညှိ စိုက်ပျိုးထားရှိမှု၊ ဒေသရာသီဥတုနှင့် ကိုက်ညီစွာ စိုက်ပျိုးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ကုမ္ပဏီ ဒါရိုက်တာ ဦးအောင်မိုးကျော်က ဖိလစ်ပိုင် ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ငန်း အဆင့်ဆင့်နှင့် သက်ဆိုင်ရာတာဝန်ခံများက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းသည် ရာသီဥတုနှင့် နည်းပညာအကန့်အသတ်များ ကျော်လွှားဆောင်ရွက်ရသဖြင့် ကုန်ကျစရိတ်နှင့်ဝင်ငွေ တွက်ခြေကိုက်ရန်လည်း လိုအပ်ကြောင်း၊ မျိုးကောင်းမျိုးစေ့များထုတ်လုပ်ခြင်းသည် စီးပွားရေးအကျိုးအမြတ်တစ်ခုတည်းသာမကဘဲ တောင်သူလယ်သမား အကျိုးစီးပွား၊ နိုင်ငံတော်လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက်ပါ ဆောင်ရွက်နေကြခြင်း ဖြစ်ကြောင်း၊ ပညာရှင်များ၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့စိုက်ပျိုးရေးနိုင်ငံတွင် လယ်သမားများ၏ ဝင်ငွေတိုးတက်စေရေး ရည်မှန်းချက်ဖြင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် စိတ်ကောင်းစေတနာမှန်ဖြင့် အားသွန်ခွန်စိုက် ပူးပေါင်းကြိုးစားအားထုတ် လုပ်ဆောင်ပေးကြရန် ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားပြီး စိုက်ကွင်းအတွင်း ဖြစ်ထွန်းအောင်မြင်နေသော စပါးခင်းကြီးများနှင့် ဟင်းခင်း ပဒေသာစိုက်ခင်းများကိုလည်း ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးကျော်မျိုးထွဋ်အား ဆွီဒင်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်မျိုးထွဋ်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဆွီဒင်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာနက စီအင်န်ဂျီကို လက်ရှိစနစ်အတိုင်းသာ ဆက်လက်ဖြန့်ဖြူးမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

ခရီးသည်တင်ယာဉ်များအားလုံး စီအင်န်ဂျီကို စလစ်ဖြင့်ဝယ်ယူရမည်ဟူသည့် သတင်းများနှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာနက သတင်းတစ်စုံတစ်ရာ ထုတ်ပြန်ထားခြင်းမရှိကြောင်းနှင့် ခရီးသည်တင်ယာဉ်များအတွက် စီအင်န်ဂျီဖြန့်ဖြူးမှုကို လက်ရှိဖြန့်ဖြူးနေသည့်စနစ်အတိုင်းသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

အထက(၅)ဗိုလ်တထောင် ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၆

အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တထောင်မှ ၂၀၁၀-၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် ဘက်စုံထူးချွန်ဆုရကျောင်းသား ကျောင်းသူများအား ဖေဖော်ဝါရီ ၁၁ ရက် (စနေနေ့)တွင် ပညာရည်ချွန်ဆုများ ချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



၂၀၁၀ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား ပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

▲ *ကျောဖုံးမှ*

ထို့ပြင် အခမ်းအနားအပြင်အဆင်များကို ယခင်နှစ်များနှင့်မတူ တမူထူးခြားစွာဖြင့် အနုပညာရှင်များအတွက် ကော်ဇောလျှောက်လမ်းများ၊ ဓာတ်ပုံရိုက်ကူးရန်နေရာများ၊ ၂၀၁၀ခုနှစ်အတွင်း အကျုံးဝင်သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားများပြသရာ ဒစ်ဂျစ်တယ်ကော်နာများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၏ အကူအညီဖြင့် ဖန်တီးထားသော မြန်မာမှုဒီဇိုင်းအပြင်အဆင်များ စသည်တို့ကို စနစ်တကျထည့်သွင်းထားပြီး မုခ်ဦးအပြင်အဆင်များ၊ အကာအရံများ၊ လုံခြုံရေးစနစ်များကိုလည်း ထည့်သွင်းတည်ဆောက်ထားကြောင်း သိရှိရသည်။ ဖျော်ဖြေရေးအနေဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဆိုင်းဝိုင်း၊ ရောင်စဉ်လှိုင်းတေးဂီတအဖွဲ့နှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အဆိုတော်များ၊ Forever Blossom Co., Ltd. မှ စီစဉ်ထားသော အဆိုတော်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ မင်းသားမင်းသမီးများက ညနေ ၅ နာရီမှ စတင်ကာ ဖျော်ဖြေရေးစင်မြင့် အမှတ်(၁)နှင့် အမှတ်(၂)တို့တွင် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ယခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် အသုံးပြုမည့် Digital Mapping စနစ်သည် ကမ္ဘာပေါ်တွင် အကောင်းဆုံးနည်းပညာများဖြင့် နိုင်ငံတကာအဆင့်မီတပ်ဆင်ထားသော Projector များကို အသုံးပြုထည့်သွင်းပြသသွားမည် ဖြစ်သည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရ ပြကွက်များကိုလည်း အရည်အသွေးမြင့် LED ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြသသွားမည်ဖြစ်ပြီး စင်မြင့်အလင်းပေးမှုနည်းပညာများကိုလည်း နောက်ဆုံးပေါ် LED မီးအလင်းပေးစနစ်များဖြင့် တင်ဆက်သွားမည်ဖြစ်သည်။

ယခုနှစ်တွင် ထူးခြားမှုတစ်ရပ်အနေဖြင့် ဖွင့်ပွဲအခမ်းအနားကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)၊ MRTV-4 (Free To Air)၊ Myanmar International Channel နှင့် Skynet Up To Date Channel တို့မှ အခမ်းအနားစတင်ကျင်းပချိန်မှစ၍ တိုက်ရိုက်(LIVE) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အားပြင်းမြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဖေဖော်ဝါရီ ၆

ယနေ့နံနက် ၁၀ နာရီ ၂၅ မိနစ် ၁၈ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၁၉၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (စီးဘူးဒေသ၊ ဖိလစ်ပိုင်နိုင်ငံ)ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ သစ်လက်ထက် လျှပ်စစ်စွမ်းအားရရှိရေးဆောင်ရွက်ချက်

မကြာမီဖွင့်လှစ်တော့မည့် ကြီးအုံကြီး၀ ဘက်စုံရေလှောင်တမံ

* ကြီးအုံကြီး၀ ရေလှောင်တမံဘက်စုံစီမံကိန်းကို မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း မဲဇလီရေလွှဲဆည်၏ အထက် ငါးမိုင်ခန့်အကွာ မုန်းချောင်းရေလှောင်တမံစီမံကိန်း၏ အောက်ဘက် ၁၅ မိုင်ခန့်အကွာ ၀န်လိုကျေးရွာအနီး မုန်းချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည်။

* ကြီးအုံကြီး၀ရေလှောင်တမံဘက်စုံစီမံကိန်းကို ၂၀၀၂-၂၀၀၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ယခု ၂၀၁၂ ခုနှစ်တွင် ဖွင့်လှစ်တော့မည်ဖြစ်သည်။

* မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီး၀ ရေလှောင်တမံဘက်စုံစီမံကိန်းသည် အလျားပေ ၃၂၈၀နှင့် အမြင့် ၁၆၄ ပေရှိ ဇုန်တမံအမျိုးအစားဖြစ်သည်။

* ကြီးအုံကြီး၀ရေလှောင်တမံဘက်စုံစီမံကိန်းမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီး ပထမအဆင့် ရေအားလျှပ်စစ်ထုတ်ရန် ၃၇ မဂ္ဂါ၀ပ် စက်တစ်လုံး တပ်ဆင်ထုတ်လုပ်ခဲ့သည်။ ဖေဖော်၀ါရီလတွင် ဒုတိယအဆင့် စက်တစ်လုံး အပြီးတပ်ဆင်မည်ဖြစ်သည်။

* ယခု စတင်လည်ပတ်သည့် ၃၇မဂ္ဂါ၀ပ်စက်မှ ရေအားလျှပ်စစ်ပို့လွှတ်မှုများကို နိုင်ငံတော်ဓာတ်အားလိုင်းသို့ ချိတ်ဆက်ပေးသွားပြီး ထိုမှတစ်ဆင့် ရခိုင်ပြည်နယ်သို့ ဓာတ်အားပို့လွှတ်မည့် စီမံကိန်းလုပ်ငန်းများပြီးစီးသည့်အချိန်တွင် ဤကြီးအုံကြီး၀ ရေအားလျှပ်စစ်စီမံကိန်းမှ ရခိုင်ပြည်နယ်၏လျှပ်စစ်ဓာတ်အားလိုအပ်မှုကို ဖြည့်တင်းပေးနိုင်မည်ဖြစ်သည်။

* ရေအားလျှပ်စစ် စက်တပ်ဆင်အား ၃၇ မဂ္ဂါ၀ပ် စက်နှစ်လုံး စုစုပေါင်း ၇၄ မဂ္ဂါ၀ပ်မှ နှစ်စဉ်ပျမ်းမျှ ထုတ်လွှတ်မည့် လျှပ်စစ်စွမ်းအား ကီလို၀ပ်နာရီသန်းပေါင်း ၃၇၀ ဖြစ်ပြီး ဆည်ရေ ပေးဝေနိုင်မည့် ဧရိယာမှာ ဧက ၉၆၇၇၇ ဖြစ်ရာ ဒေသအတွင်း ပြည်သူများအတွက် စိုက်ပျိုးရေသာမက လျှပ်စစ်ဓာတ်အားပါ ရရှိမည့် စီမံကိန်းဖြစ်သည်။







သတင်းမှတ်စု - မောင်ငြိမ်းအေး

7-2 (09).pmd 1 2/7/2012, 3:43 AM

စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများ အကျိုးခံစားခွင့် ပိုမိုရရှိအောင် နှမ်းနီ၊ နှမ်းညို၊ နှမ်းဆီနှင့် မြေပဲဆီများ ကြက်သွန်နီတို့ တင်ပို့ခွင့်ပြုထား

နေပြည်တော် ဖေဖော်ဝါရီ ၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် တပ်ကုန်းကျေးရွာအနီးရှိ ယင်းချောင်းအတွင်း တောင်သူများ၏ ကြက်သွန်နီစိုက်ခင်းများကို ကြည့်ရှုပြီး ဒေသခံတောင်သူများအား တွေ့ဆုံအားပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့သည် ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီတွင် မကွေးမြို့ ကုန်စည်ဒိုင်ခန်းမ၌ မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်သည်အသင်းအဖွဲ့ဝင်များ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် ကြက်သွန်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများ၊ ဆီကုန်သည်များနှင့် ဆီစက်လုပ်ငန်းရှင်များအား တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် **(အပေါ်ယာပုံ)**က ပို့ကုန်နှင့်ပတ်သက်၍ ဆန်၊ ပဲမျိုးစုံ၊ အစေ့ ထုတ်ပြောင်း၊ နှမ်းနှင့် ရော်ဘာအစရှိသည့် လယ်ယာထွက်ကုန်ငါးမျိုးအပေါ် ၂၀၁၁ ခုနှစ် ဩဂုတ် ၁၅ ရက်မှစ၍ ခြောက်လတာ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုခဲ့ကြောင်း၊ ဆက်လက် ခွင့်ပြုပေးသွားနိုင်ရန်လည်း ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန်နှင့် ပဲမျိုးစုံ ပြည်ပတင်ပို့ခွင့် လိုင်စင်များ မြန်ဆန်စွာထုတ်ပေးနိုင်ရေး၊ အဆင်ပြေချောမွေ့စေရေးအတွက်လည်း ဆောင်ရွက်ပေးနေကြောင်း၊ စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများ အကျိုးခံစားခွင့် ပိုမိုရရှိနိုင်အောင် ယခင်က နှမ်းဖြူနှင့် နှမ်းနက်ကိုသာ တင်ပို့ခွင့်ပြုခဲ့ရာက ယခုအခါ နှမ်းနီ၊ နှမ်းညို၊ မြေပဲဆံ၊ နှမ်းဆီနှင့် မြေပဲဆီများနှင့် ကြက်သွန်နီကိုလည်း တင်ပို့ခွင့်ပြုထားပြီဖြစ်ကြောင်း၊ သွင်းကုန်နှင့်ပတ်သက်၍ နိုင်ငံတော်အတွက် လိုအပ်သောဓာတ်မြေဩဇာများ၊ လယ်ယာသုံးစက်ကိရိယာများ၊ စက်သုံးဆီနှင့် စားအုန်းဆီများကို လိုအပ်သလောက် တင်သွင်းခွင့်ပြုပေးလျက်ရှိသည့်အပြင် ယခင်တင်သွင်းခွင့်မပြုရန် ကန့်သတ်ထုတ်ပြန်ထားသော ကုန်ပစ္စည်းများအနက် စားသောက်ကုန်အချို့ကို တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်း။

ပဲမျိုးစုံဈေးနှုန်းများ ပြည်ပတွင် ကျဆင်းလျက်ရှိသည့်နည်းတူ ပြည်တွင်းတွင်လည်း ဈေးနှုန်းများကျဆင်းနေသည့်အတွက် ကုန်ကြမ်းအတိုင်း တင်ပို့ခြင်းအစား တန်ဖိုးမြင့်ထုတ်ကုန် (Value Added) ဖြင့် ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် သန့်စင်ချောစက်ရုံများထူထောင်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပဲဈေးကွက်ရရှိရေးအတွက် ဈေးကွက်ရှာဖွေရေးအဖွဲ့ကို မကြာမီ ပြည်ပသို့စေလွှတ်သွားမည် ဖြစ်ကြောင်း၊ စပါးဈေးနှုန်းများကျဆင်းခဲ့ပြီး တောင်သူလယ်သမားများ တွက်ခြေကိုက်မှုနည်းပါးသည်ကို စိစစ်တွေ့ရှိရသည့်အတွက် အနိမ့်ဆုံးဈေးနှုန်းတစ်ခု သတ်မှတ်ပြီး အရန်ဆန်/စပါးဝယ်ယူရေးကို စီစဉ်ဆောင်ရွက်နိုင်ရန် အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီက စတင်ဝယ်ယူနေပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်နေသော သီးနှံထွက်ကုန်များ၏ အခြေအနေများ၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရေးနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်သင့်သည့်အချက်များ၊ နိုင်ငံတော်အစိုးရက ချမှတ်ပေးထားသော စီးပွားရေးနှင့်ပတ်သက်သော ရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

အားပေးစကားပြောကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲတွင် မကွေးမြို့နယ် ကန်ပြားကျေးရွာရှိ ဆီးဆံကြိတ်ခွဲထုတ်လုပ်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိကာ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြပြီး ယခုလုပ်ကိုင်ဆောင်ရွက်နေသောအခြေအနေထက် ပိုမိုကျယ်ပြန့်စွာ တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေးနှင့် ဈေးကွက်ကျယ်ပြန့်စွာ ရရှိရေး၊ လိုအပ်သောအကူအညီများ ပံ့ပိုးပေးရန် အသင့်ရှိပါကြောင်းဖြင့် အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံတိုင်းရင်းဆေးပညာ သင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့် အခြေခံတိုင်းရင်းဆေးပညာသင်တန်းဆင်းပွဲကို ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ဖေဖော်ဝါရီ ၁ ရက်ကကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်အေးနွယ်က အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ ရန်ကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ အသင်းဝင် ၁၀၀ ၏ အသင်းဝင်အဆိုပြုလွှာများကို အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဒေါ်ခင်ငြိမ်းတို့က ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်နှင့် အတွင်းရေးမှူး ဒေါ်ခင်မာဝင်းထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝ၄၃)

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းသမဝါယမကောလိပ် ငွေစုငွေချေးသမဝါယမအသင်းမှ အသင်းသားများ အား ငွေထုတ်ချေးခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်က သမဝါယမကောလိပ် မြသရဖီခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ သမဝါယမကောလိပ် ဒုတိယကျောင်းအုပ် ဦးအောင်သူရက အသင်းသားများအား ငွေကျပ် ၇၈ သိန်း ထုတ်ချေးပေးစဉ်။ (၁၃၇)

တိရစ္ဆာန်ကူးစက်ရောဂါကြိုတင်ကာကွယ်ရေး ဝက်မွေးမြူရေးခြံများအား ကွင်းဆင်းစစ်ဆေး

ရေကြည် ဖေဖော်ဝါရီ ၆

ရေကြည်မြို့နယ် ရွာလုံးကျွတ် ဝက်မွေးမြူရေးရွာဖြစ်သော ကညင်လေးပင်ရွာ၏ ဝက်မွေးမြူရေးခြံများတွင် တိရစ္ဆာန်ကူးစက်ရောဂါ မဖြစ်ပွားစေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ပုသိမ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီအဖွဲ့ဝင် ဒေါက်တာစိုးသိမ်းနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**

ဆက်လက်၍ ဒေါက်တာစိုးသိမ်းသည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ မှာကြားချက်မှုများကို ထပ်ဆင့်ရှင်းလင်းပြီးနောက် မြို့နယ်မွေး/ ကုဦးစီးဌာနဦးစီးအရာရှိ ဒေါက်တာမိုးသူဇာနှင့်အဖွဲ့က မွေးမြူရေးခြံများကို ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

● *ကျောဖုံးမှ*

သရေပွဲဖြစ်နေ၍ အချိန်ပို ဆက်လက်ကစားကြရာ ဂါနာအသင်းမှ အင်ဒနီက အနိုင်ဂိုးသွင်းယူပေးခဲ့သည်။

အခြားသော ကွာတားဖိုင်နယ်ပွဲအဖြစ် ဂါဘွန်နှင့်မာလီတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်၍ အချိန်ပိုကစားခဲ့သော်လည်း ဂိုးမသွင်းနိုင်သဖြင့် ပယ်နယ်တီငါးလုံးစီ ကန်သွင်းကြရာ မာလီအသင်းက ပယ်နယ်တီ ငါးဂိုး-လေးဂိုးဖြင့် နိုင်ပြီး အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့သည်။

အကြိုဗိုလ်လုပွဲ

အကြိုဗိုလ်လုပွဲများကို လာမည့်ဖေဖော်ဝါရီ ၈ ရက်(ဗုဒ္ဓဟူးနေ့)တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဂါနာအသင်းနှင့် ဇမ်ဘီယာအသင်းတို့သည် ဘာတာမြို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဂါနာအသင်းသည် နှစ်ပေါင်း ၃၀ ကြာ အာဖရိကနိုင်ငံများဖလား ဆွတ်ခူးရန် စောင့်ဆိုင်းရမှုကို အဆုံးသတ်ရန် မျှော်လင့်ထားသည်။ အိုင်ဗရီကို့စ်နှင့်မာလီအသင်းတို့သည် ယင်းနေ့တွင်ပင် အကြိုဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

ဖေဖော်ဝါရီ ၃ ရက်က ရွှေပြည်သာမြို့နယ် အမှတ်(၃၇) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို အဆိုပါ ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်အဆင့်နှင့် ကျောင်းအဆင့်တို့တွင် ငါးနှစ်ဆက်တိုက် ထူးချွန်ဆုရရှိခဲ့ကြသော ကျောင်းသား မောင်မောင်၊ မောင်ဖွဲ့ကို၊ ကျောင်းသူ မထူးထူးအောင်၊ မထက်ထက်အောင်၊ မအေးသဉ္ဇာကျော်၊ မဆုပြည့်ပြည့်အောင်၊ မချိုးကေဇင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်တို့ အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။ (၁၆၆)

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

ဂန့်ဂေါ ဖေဖော်ဝါရီ ၆

ဆောမြို့နယ် ကျောက်ထုမြို့ဒေသ လယ်ဆောရွာ ပွင့်လင်းစာကြည့်တိုက်၊ ကြီးရွာ ဓူဝံစာကြည့်တိုက်၊ ထီးလင်းမြို့နယ် ဆေးမင်းတောရွာ မိုးဆန်းပန်းစာကြည့်တိုက်၊ ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါကျေးရွာ မြတ်စွယ်တော်ပိဋကတ်တိုက်နှင့် သုတရိပ်မြုံစာကြည့်တိုက်၊ ရှုံးရှိရွာ ကျေးလက်တောရွာ ပြုပြင်ရေးစာကြည့်တိုက်တို့ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မကွေးတိုင်းဒေသကြီးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခင်သည် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်အောင်နှင့်အတူ ဇန်နဝါရီ ၈ ရက်က ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် လက်ထောက်ညွှန်ကြားရေးမှူးသည် စာကြည့်တိုက်များ စဉ်ဆက်မပြတ်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရန် ရှင်းလင်းဆွေးနွေးမှာကြားပြီးနောက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (၁၀၁)

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း သင်တန်းဆင်းပွဲအခမ်းအနားများ တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၆

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းသည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ကျင်းပသော စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၄၇/၄၈)၊ အဆင့်မြင့်စက်ချုပ်နည်းပြ သင်တန်းအမှတ်စဉ်(၂၅)၊ အုပ်ချုပ်မှုနည်းပြ သင်တန်းအမှတ်စဉ်(၁)နှင့်စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၇၇/၇၈) သင်တန်းများဆင်းပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၄၇)သို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေး ဦးစီးဌာနတို့မှ သင်တန်းသူ ၃၀၊ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၄၈)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ သင်တန်းသူ ၃၀၊ အဆင့်မြင့်စက်ချုပ်နည်းပြသင်တန်း အမှတ်စဉ်(၂၅)သို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အိမ်တွင်းမှု သင်တန်းသူ ၂၀၊ အုပ်ချုပ်မှုနည်းပြ သင်တန်းအမှတ်စဉ်(၁)သို့ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန လူငယ်သင်တန်းသား သင်တန်းသူ ၂၂ဦး၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၇၇)သို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးဦးစီးဌာနတို့မှ သင်တန်းသူ ၂၈ ဦး၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၇၈)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနတို့မှ သင်တန်းသူ ၂၃ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၅၃ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ (၁၂)ပတ်ကြာမြင့်ခဲ့သည်။

အဆိုပါ သင်တန်းများကို နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့၌ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအား အရည်အသွေးထက်မြက်ပြီး အတွေးအခေါ် မြင့်မားစေရန်၊ မိမိရာထူးအဆင့်နှင့် အညီ လုပ်ငန်းတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်စေရန်၊ ချမှတ်ထားသော အမိန့်၊ ညွှန်ကြားချက်၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို တတ်သိနားလည်ပြီး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာရှိမှု၊ စိတ်ရင်းစေတနာမှန်ကန်မှုတို့ကို အခြေခံကာ အကြီးအကဲများ၏မူဝါဒနှင့် လမ်းညွှန်ချက်များကို သိရှိနားလည်ပြီး ပေးအပ်သည့်တာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးခဲ့ရာ ဖွင့်လှစ်ပြီး သင်တန်း (၂၃၈)ကြိမ်၊ သင်တန်းသား ၄၀၇၀၊ သင်တန်းသူ ၄၆၂၉ ဦး စုစုပေါင်း ၈၆၉၉ ဦး တက်ရောက်အောင်မြင်ခဲ့ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

လှိုင်သာယာမြို့နယ် အလည်ရွာ၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အလည်ရွာကျေးရွာ၌ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ကျေးရွာအနောက်ပိုင်း နေအိမ်တစ်အိမ်မှ မီးလောင်မှု စတင်ဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**မီးမှာ အခြားနေအိမ်များသို့ ကူးစက်လောင်ကျွမ်းရာ စုစုပေါင်းအိမ်ခြေ ၃၀၀ ကျော် မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါမီးလောင်ရာသို့ မြို့နယ်မီးသတ်ယာဉ်များ၊ မြို့နယ်အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း မီးငြိမ်းသတ်ခဲ့ရာ မီးမှာ မွန်းလွဲ ၁ နာရီခွဲတွင် ငြိမ်းသွားခဲ့ကြောင်း သိရှိရသည်။ (ဝ၄၈)

ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်းမပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

(မီးသတ်ဦးစီးဌာန)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပဥ္စမနေ့ ဆက်လက်ကျင်းပ

ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၆

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပဥ္စမနေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၅၆၆ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းများ၊ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ရှင်းလင်းတင်ပြကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဝန်ကြီးဌာန၏ မူဝါဒ၊ ဦးတည်ချက်၊ ရည်မှန်းချက်များနှင့် ဆောင်ရွက်မည့်အစီအစဉ်များ၊ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ဖြည့်စွက်ငွေတောင်းခံရခြင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်း၊ သာမန်အသုံးစရိတ်၊ *စာမျက်နှာ ၈ ကော်လံ ၁* ✻

မြန်မာ့အလင်း **ယနေ့ ဖတ်စရာ၊ မှတ်စရာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက် လျှပ်စစ်စွမ်းအားရရှိရေးဆောင်ရွက်ချက် မကြာမီဖွင့်လှစ်တော့မည့် ကြီးအုံကြီးဝဘက်စုံရေလှောင်တမံ စာ-၉

အီရန်က နှာဗစ်အမည်ရှိ ဂြိုဟ်တုလွှတ်တင် စာ-၆

ဘော့စနီးယား၌ ဆီးနှင်းများကျဆင်းမှု၊ ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးများ ဆောင်ရွက်နေ စာ-၆

၂၀၁၀ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားအား ထူးခြားစွာ တင်ဆက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ Forever Group Co, Ltd.၊ Event Organizer ဖြစ်သော Forever Blossom Co,Ltd. နှင့် ထိုင်းနိုင်ငံ Index Creative Village အဖွဲ့အစည်းတို့မှ ယခင်နှစ်နှင့်မတူသည့် စင်မြင့်အပြင်အဆင်များ၊ အဆင့်မြင့်မီးစနစ်များ၊ အသံစနစ်များ၊ ရိုက်ကူးမှုပြကွက်များ၊ Digital Mapping စနစ်များဖြင့် ထူးခြားစွာ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယခင်နှစ်များက တင်ဆက်ခဲ့သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားများနှင့်မတူဘဲ မီဒီယာများ စည်းကမ်းတကျ သတင်းမှတ်တမ်းများရယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားခြင်း၊ ရုပ်သံမီဒီယာများနှင့် ပုံနှိပ်မီဒီယာများအတွက် ဓာတ်ပုံရိုက်ကူးရန် နေရာပြုလုပ်ထားပြီး လွယ်ကူစွာဝင်ထွက်ရိုက်ကူးနိုင်ရန် စီစဉ်ပေးထားခြင်း၊ စင်မြင့်အနီးတွင် ရိုက်ကူးခွင့်ပြုထားသော ဓာတ်ပုံဆရာ ၆၀၊ ရီပိုတာ ၆၀ ပေါင်း ၁၂၀ ဦးတို့ ရိုက်ကူးထားသော ဓာတ်ပုံများအား Fiber ဆက်ကြောင်းမှ Media Center သို့ ပေးပို့ပြီး သတင်းသမားများ အချိန်နှင့်တစ်ပြေးညီ ကူးယူနိုင်ခြင်း စသည်ဖြင့် စီစဉ်ဆောင်ရွက်ပေးထားသည်။ *စာမျက်နှာ ၈ ကော်လံ ၃* ▲

မြင့်မောင်စိုး - ရေးသားသည်

မြန်မာ့အလင်း **နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား**

အာဖရိကနိုင်ငံများဖလား အကြိုဗိုလ်လုပွဲ

ဂါနာနှင့် ဇမ်ဘီယာ၊ အိုင်ဗရီကို့စ်နှင့် မာလီ တွေ့မည်

ဂါဘွန် ဖေဖော်ဝါရီ ၆

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲကို ဂါဘွန်နှင့် အီကွေတိုရီရယ် ဂီနီယာနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းတွင် ဂါနာအသင်းက တူနီးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။

အာဖရိကစိန်မည်းများဟု တင်စားခေါ်ဝေါ်သည့် ဂါနာအသင်းအတွက် အသင်းခေါင်းဆောင် ဂျွန်မာဆက်က ပွဲစပြီး ကိုးမိနစ်အကြာ အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးကို ပထမပိုင်းပြီးခါနီးတွင် တူနီးရှားအသင်းမှ ခါလီဖာက ချေပဂိုးသွင်းယူခဲ့သည်။ ဂါနာနှင့် တူနီးရှားအသင်းတို့သည် အနိုင်ဂိုးသွင်းယူနိုင်ရေး မိနစ် ၉၀ ကြာအောင် အကြိတ်အနယ်ကစားကြသော်လည်း တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့သည်။ *စာမျက်နှာ ၁၀ ကော်လံ ၃* ●

ဂါနာ ဘောလုံးအသင်း အောင်ပွဲခံနေစဉ်။

မြန်မာ့အလင်း **နိုင်ငံတကာအနုပညာ**

ကောင်းမြတ်သူ - ရေးသားသည်

အဆိုတော် မက်ဒေါနားဖျော်ဖြေပွဲ ပရိသတ်သန်း ၁၀၀ ကျော် ကြည့်ရှုအားပေး

အင်ဒီယာနာပိုလစ် ဖေဖော်ဝါရီ ၆

ကမ္ဘာကျော်အဆိုတော် မက်ဒေါနားဟာ ဖေဖော်ဝါရီ ၅ ရက်က အမေရိကန်နိုင်ငံ အင်ဒီယာနာပိုလစ်မြို့ Super Bowl ဘတ်စကက်ဘော ပြိုင်ပွဲမှာလာရောက် ဖျော်ဖြေခဲ့ရာ ရုပ်မြင်သံကြား ပရိသတ်သန်း ၁၀၀ ကျော်တို့ ကြည့်ရှု အားပေးခဲ့ကြပါတယ်။ အဆိုတော်ကြီး မက်ဒေါနားဟာ ဘတ်စကက်ဘောပြိုင်ပွဲ ပထမပိုင်းအပြီး အားလပ်ချိန်မှာ ပရိသတ်များကို သီဆိုဖျော်ဖြေခဲ့တာဖြစ်ပါတယ်။ ဒီလိုဖျော်ဖြေမှုပေးတာ ၂၀၀၄ ခုနှစ်က အဆိုတော် ဂျင်းနက်ဂျက်ဆင်ပြီးတဲ့နောက် ပထမဆုံး အမျိုးသမီးအဆိုတော်ဖြစ်လာခဲ့ပါတယ်။

*အသက် ၅၃ နှစ်ရှိပြီဖြစ်တဲ့ အဆိုတော် မက်ဒေါနား **(ဝဲပုံ)**ဟာ ဒီဖျော်ဖြေပွဲမှာ ထူးထူးခြားခြား အီဂျစ်ဝတ်စုံကို ဝတ်ဆင်ပြီး ဖျော်ဖြေတင်ဆက်ခဲ့ပါတယ်။ မက်ဒေါနားနဲ့အတူ နစ်ကီးမီနားနဲ့ M.I.A တို့လည်း ပါဝင်သီဆိုခဲ့ကြပါတယ်။ မက်ဒေါနားဟာ သူမရဲ့ နောက်ဆုံးထွက်ရှိလာတဲ့ တေးအယ်လ်ဘမ်ထဲက သီချင်းတစ်ပုဒ်ဖြစ်တဲ့ Give Me All Your Luvin လို့အမည်ရတဲ့သီချင်းနဲ့ ဖျော်ဖြေခဲ့ပါတယ်။*

ပြီးခဲ့တဲ့နှစ်က Super Bowl Show မှာ အမေရိကန်နိုင်ငံတစ်ဝန်း ရုပ်မြင်သံကြားကြည့် ပရိသတ် ၁၁၁ သန်းတို့က စောင့်ကြည့်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ဒီ Show ပွဲကို ၁၉၆၇ ခုနှစ်ကစပြီး ဘတ်စကက်ပွဲနဲ့အတူ ကျင်းပလာခဲ့တာဖြစ်ပါတယ်။ ပေါမက်ကာနေး၊ ရိုးလင်းစတုန်း၊ ယူတူး၊ ပရင့်စ်၊ ဘရူစ်စပရင်စတင်း၊ ဒီဘလက်အိုင်းပီးယာ့စ်နဲ့ ဂျင်းနက်ဂျက်ဆင်တို့ဟာ ယခင်က ဒီ Show ပွဲမှာ သီဆိုခဲ့ကြသူများ ဖြစ်ပါတယ်။ ***(အင်တာနက်)***

7-2 (20).pmd 1 2/7/2012, 3:44 AM